ကြေးမုံ

The Mirror

၁၃၇၂ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၀ ရက်၊ ကြာသပတေးနေ့ (5-8-2010) (၆၄၈၁)

ပဲခူးတိုင်းအတွင်း မိုးစပါးစိုက်ပျိုးပြီးစီးမှု

ရန်ကုန် ဩဂုတ် ၄

ပဲခူးတိုင်း၌ ဩဂုတ် ၄ ရက်အထိ မိုးစပါး ၂၈၂၂၅၇၅ ဧက စိုက်ပျိုးပြီးစီးကြောင်းနှင့် မိုးစပါးလျာထားချက် ပြည့်မီကျော်လွန်ရေးအတွက် ဆက်လက်စိုက်ပျိုးဆဲဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မှတ်ပုံတင်ခွင့်ရရှိပြီးသော နိုင်ငံရေးပါတီများက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ယင်းတို့၏ ပါတီဝင်အင်အားစာရင်းများ လာရောက်တင်ပြ

နေပြည်တော် ဩဂုတ် ၄

နိုင်ငံရေးပါတီများသည် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၃(က)နှင့်အညီ ယင်းတို့စည်းရုံးရရှိပြီးသော ပါတီဝင်အင်အားစာရင်းများကို မှတ်ပုံတင်ခွင့်ရရှိသည့်နေ့ရက်မှစ၍ ရက်ပေါင်း ၉၀ အတွင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တင်ပြရန်ရှိရာ ဩဂုတ် ၄ ရက်တွင် **အမျိုးသားဖွံ့ဖြိုးတိုးတက်ရေး ဒီမိုကရက်တစ်ပါတီ** National Democratic Party for Development က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ပါတီဝင်အင်အားစာရင်း လာရောက်တင်ပြခဲ့သည်။

ယနေ့အထိ ကော်မရှင်က မှတ်ပုံတင်ခွင့်ပြုပြီးသည့် ပါတီ(၄၀)ပါတီရှိရာတွင် သတ်မှတ်ရက်အတွင်း ပါတီဝင်အင်အားစာရင်း တင်ပြပြီးသည့်ပါတီမှာ (၁၁)ပါတီရှိပြီဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့် အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

တောင်လေ့ကားမြို့တော် ပြင်ဦးလွင်မှ ပတ္တမြားမြေ မိုးကုတ်သို့ တိုက်ရိုက်သွားရောက်နိုင်မည့်ကားလမ်းသစ် ဖောက်လုပ်

ကားလမ်းနှင့်ဆက်စပ်၍ အဆိုပါဒေသ၌ သီးနှံစိုက်ကေတစ်သိန်းကျော် ဖော်ထုတ်ပေးသွားမည်

သတင်းဆောင်းပါး - ခရမ်းစိုးမြင့် ✓ ဓာတ်ပုံ - မိုးမြင့်လှိုင် | အဆင်အပြင် - ခိုင်သန္တာရွှေ

ပြင်ဦးလွင်မှမိုးကုတ်သို့ တိုက်ရိုက်သွားနိုင်မည့် ကားလမ်းသစ်တစ်လမ်း ဖောက်လုပ်နေကြောင်း သိရှိရ၍ သတင်းဆောင်းပါးရေးရန် စီစဉ်ဖြစ်သည်။ ၂၀-၇-၂၀၁၀ ရက်နေ့တွင် မန္တလေးမြို့သို့ရောက်ရှိပြီး ကားဖြင့် ပြင်ဦးလွင်သို့ တက်ခဲ့သည်။

ထို့နောက် ပြင်ဦးလွင်-လားရှိုးလမ်းအတိုင်း ထွက်လာကာ မိုင်တိုင်အမှတ် (၄၆/၀) (ရေငယ်)မှ မိုးကြိုးပစ်ရွာသို့ သွားရောက်ပြီး ဖောက်လုပ်ဆဲ ကားလမ်းအသစ်ထဲသို့ ဝင်ခဲ့ကြသည်။ သက္ကံ-ညောင်တုန်း-မဲတော-နောင်ပိန်အထိဖြစ်သည်။ လမ်းသစ်တစ်လျှောက် ဘူဒိုဇာ စက်ကြီးများဖြင့် တောင်ကမ်းပါးယံကြီးများကို ဖြိုချပြီး လမ်းချဲ့နေမှု၊ မြေတူးမြေသယ် စက်ကြီးများဖြင့် လမ်းချဲ့ထွင် ဖောက်လုပ်ရာမှ ထွက်ရှိလာသည့် မြေများကို တစ်ဖက်ရှိ ချောက်ကမ်းပါးများအပေါ် ဖို့နေမှုစသည့် မြင်ကွင်းများကို တွေ့ခဲ့ရသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာနပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းသည် လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့ရမည်၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❖

ပြင်ဦးလွင်-မိုးကုတ် ကားလမ်းသစ်ဖောက်လုပ်ရေးတွင် **ပြင်ဦးလွင်ခရိုင်ဘက်ခြမ်းရှိ မဲတော-နောင်ပိန်အပိုင်း၌ ရောရွှေဝါကုမ္ပဏီ လုပ်ငန်းဆောင်ရွက်စဉ်။** (အပေါ်ပုံ) နှင့် **မိုးကုတ်ဘက်အပိုင်း လဲကြီးကျေးရွာ တောင်ပေါ်လမ်းများ၌ မြေသားလမ်းအကျယ် ၃၄ ပေ ချဲ့ထွင်ထားသည်ကို ဤသို့တွေ့ခဲ့ရသည်။** (ဝဲပုံ)

ပြင်ဦးလွင်-မိုးကုတ် လမ်းသစ်ကြီး ပြီးသွားလျှင် ပြင်ဦးလွင်မှ လမ်းတစ်လျှောက် ဖြတ်သန်းသွားသည့် ရွာပေါင်း ၂၀ ကျော်မှာလည်း ဖွံ့ဖြိုးတိုးတက်လာတော့မည်။

ကြေးမုံ The Mirror
၅-၈-၂၀၁၀
(ကြာသပတေးနေ့)

ယဉ်ကျေးမှုအမွေအနှစ်များ ဖော်ထုတ်ထိန်းသိမ်း

မြန်မာ့ယဉ်ကျေးမှုသည် နှစ်ပေါင်းထောင်ချီ၍ ဖြစ်တည်ထွန်းကားလာခဲ့သည်။ လူသားမျိုးနွယ်အဖြစ် စတင်ဖြစ်ထွန်းပေါ်ပေါက်လာသည်မှ အစပြု၍ ယဉ်ကျေးမှုနယ်ပယ် အသီးသီးတွင် ဖွံ့ဖြိုးတိုးတက်လာခဲ့ခြင်းဖြစ်သည်။ မြေပေါ်ရှိ ယဉ်ကျေးမှုအမွေအနှစ်များ၊ မြေအောက်မှ တူးဖော်ရရှိခဲ့သည့် ရှေးဟောင်းယဉ်ကျေးမှု ပစ္စည်းများသည် မြန်မာ့ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားမှုကို ခိုင်ခိုင်မာမာ ဖော်ညွှန်းပြသလျက်ရှိသည်။

နိုင်ငံတော်က မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များကို စနစ်တကျထိန်းသိမ်းကာကွယ် စောင့်ရှောက်နေသည်။ ရှေးဟောင်းယဉ်ကျေးမှု ပစ္စည်းများသည် အချိန်ကာလကြာမြင့်လာသည်နှင့်အမျှ ယိုယွင်းပျက်စီး ဆုံးရှုံးသွားနိုင်သဖြင့် ယခုကဲ့သို့ ရှာဖွေဖော်ထုတ် သုတေသနပြုထိန်းသိမ်း စောင့်ရှောက်နေခြင်းဖြစ်သည်။

အဆိုပါလုပ်ငန်းများတွင် ရှေးဟောင်းမြို့တော်များ ရှာဖွေတူးဖော်သုတေသနပြုခြင်း၊ သမိုင်းဝင်ပစ္စည်းများ၊ ကျောက်စာ၊ ပေပုရပိုက်များရှာဖွေစုစည်းထိန်းသိမ်းခြင်း၊ သာသနိကအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းခြင်း၊ ရှေးမြန်မာဘုရင်များ၏ နန်းတော်နှင့် မြို့ရိုးများ တူးဖော်ခြင်းတို့ ပါဝင်သည်။ ရှေးဟောင်းသမိုင်းအထောက်အထားများ သုတေသနစာတမ်းဖတ်ကြားခြင်းများကိုလည်း အခါအားလျော်စွာ ပြုလုပ်လျက်ရှိသည်။

ယဉ်ကျေးမှုသမိုင်းအထောက်အထားများကို နိုင်ငံအနှံ့ရှာဖွေလေ့လာသုတေသနပြုခြင်း၏ အကျိုးရလဒ်အဖြစ် မြန်မာနိုင်ငံအလယ်ပိုင်း ကျောက်ခေတ်လယ် ယဉ်ကျေးမှုထွန်းကားခဲ့ကြောင်း အထောက်အထားများ တွေ့ရှိခဲ့ကြပြီ။ မိတ္ထီလာခရိုင်၊ ရမည်းသင်းခရိုင်တို့တွင် ကြေးခေတ်နှင့် သံခေတ်ယဉ်ကျေးမှု အထောက်အထားများ တွေ့ရှိရာမှ ဆက်လက် သုတေသနပြုလေ့လာနေဆဲ ဖြစ်သည်။

ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနနှင့် သမိုင်းသုတေသနဦးစီးဌာနတို့မှ အဖွဲ့ဝင်များသည် မန္တလေးတိုင်း ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ်ရှိ ပင်လယ်မြို့ဟောင်းကို တူးဖော်သုတေသနပြုနေသည်။ ဇွန်လနှင့် ဇူလိုင်လအတွင်းက ကုန်းအမှတ်(၂၀)ကို တူးဖော်ရာတွင် အုတ်ရိုးတန်းများနှင့် မြေမီးဖုတ်ရုပ်ကြွလက်ရာများ၊ ကနုတ်ပန်းအုတ်ချပ်များဖြင့် တန်ဆာဆင်ထားသော အဆောက်အအုံပုံစံကို တွေ့ရှိရသည်။ ယခင်တူးဖော်ချိန်များတွင်လည်း အရိုးအိုးများ၊ ပျူခေတ်သုံးငွေဒင်္ဂါးများ၊ ပုတီးစေ့များကို တွေ့ရှိခဲ့ရသည်။ ဗိဿနိုးမြို့ဟောင်း၊ သရေခေတ္တရာမြို့ဟောင်း အဆောက်အအုံပန္နက်ပုံများနှင့်တူကြောင်း သိရသည်။

ဘိုးဘွားအမွေအနှစ် ယဉ်ကျေးမှုဆိုင်ရာများကို အစဉ်တစိုက် သုတေသနပြု ရှာဖွေလေ့လာ ဖော်ထုတ်နေသည်။ လူသားမျိုးနွယ်အစ ဖြစ်တည်ထွန်းကားလာမှုမှသည် ခေတ်အဆက်ဆက် ထွန်းကားခဲ့သော ယဉ်ကျေးမှုများ၊ ရှေးဟောင်းယဉ်ကျေးမှုဆိုင်ရာ အဆောက်အအုံများ၊ ပစ္စည်းများကို ဒေသအလိုက် ဆက်လက်ရှာဖွေ တူးဖော်သုတေသနပြု ထိန်းသိမ်းစောင့်ရှောက်ကြခြင်းဖြင့် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ရေရှည်တည်တံ့ခိုင်ခံ့နေမည် ဖြစ်ပါသည်။ ။

ရန်ကင်း အထက(၂) ပညာရည်ချွန်ဆုချီးမြှင့်

ရန်ကုန် ဩဂုတ် ၄

ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုပွဲနှင့် ဂုဏ်ထူးရကျောင်းသား၊ ကျောင်းသူများအား ဆုချီးမြှင့်ပွဲကို ဩဂုတ် ၁ရက် နံနက် ၉နာရီတွင် ကျောင်းခန်းမ၌ ကျင်းပရာ အလှူရှင်များ၊ ကျောင်းအကျိုးတော်ဆောင်များ၊ မိဘများ၊ ဆရာ၊ ဆရာမများနှင့် အောင်မြင်သော ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ယခုနှစ်တွင် ငါးဘာသာဂုဏ်ထူးရှင် ၁၅ ဦး၊ လေးဘာသာဂုဏ်ထူးရှင် ၂၈ ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၂၆ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၂၁ ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၄၃ဦး စုစုပေါင်း ၁၃၃ ဦးတို့ဖြစ်ပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်လှမြင့်က ငါးဘာသာဂုဏ်ထူးရှင် မခိုင်ဝင့်ဝါအား ဆုချီးမြှင့်ကြောင်း သိရသည်။ **(အပေါ်ပုံ)**

(ပညာရေး)

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး ပညာရည်ချွန်ဆုပေးပွဲအခမ်းအနား တက်ရောက်

နေပြည်တော် ဩဂုတ် ၄

တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်ဆုရရှိသူများအား ပညာရည်ချွန်ဆုချီးမြှင့်ပွဲနှင့် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင် ၂၈ရက် နံနက်ပိုင်းတွင် စစ်တွေမြို့ မြို့နယ်ခန်းမ၌ ကျင်းပရာ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး၊ တပ်မတော်အရာရှိကြီးများ၊ တပ်ရင်း၊ တပ်ဖွဲ့မှူးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများနှင့် ထူးချွန်ကျောင်းသား၊ ကျောင်းသူများ၊ ဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး ခြောက်ဘာသာဂုဏ်ထူးရှင် ကျောင်းသား၊ ကျောင်းသူများအား တိုင်းမှူးနှင့် တာဝန်ရှိသူတို့က ပညာရည်ချွန်ဂုဏ်ပြုလက်မှတ်နှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကြသည်။

ဆက်လက်၍ တာဝန်ရှိသူများက တစ်ဘာသာမှ ငါးဘာသာအထိ ဂုဏ်ထူးရရှိကြသူများအား လည်းကောင်း၊ ခြောက်ဘာသာဂုဏ်ထူးရရှိအောင် သင်ကြားပြသနိုင်သော ဆရာ၊ ဆရာမများ၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်ချက်အကောင်းဆုံးရရှိသော ကျောင်းများ၊ မြို့နယ်များနှင့် ကြိုးစားအားထုတ်မှု အကောင်းဆုံးကျောင်းတို့အားလည်းကောင်း ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကြသည်။

ထို့နောက် စေတနာရှင် အလှူရှင်များက ပညာရည်ချွန်ဆုရ ကျောင်းသား၊ ကျောင်းသူများအတွက် အလှူငွေများပေးအပ်ကြရာ တိုင်းမှူးက လက်ခံသည်။

ယင်းနောက် ခြောက်ဘာသာဂုဏ်ထူးရှင်တစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သံဝေဇနီယလေးဌာနသို့ ဘုရားဖူးအဖွဲ့များ စေလွှတ်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေး ကျင်းပ

နေပြည်တော် ဩဂုတ် ၄

သာသနာရေးဝန်ကြီးဌာန သံဝေဇနီယလေးဌာနတည်ရှိရာ အိန္ဒိယနိုင်ငံနှင့် နီပေါနိုင်ငံတို့သို့ ဘုရားဖူးအဖွဲ့များ စေလွှတ်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယမန်နေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ သာသနာရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး သူရဦးမြင့်မောင်က အမှာစကားပြောကြားသည်။

ထို့နောက် သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က သာသနာရေးဝန်ကြီးဌာနမှ ကြီးကြပ်၍ ဘုရားဖူးအဖွဲ့များ စေလွှတ်ရေးဆိုင်ရာလုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဆပ်ကော်မတီအသီးသီးတို့မှ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သာသနာရေးဝန်ကြီးဌာန ဝန်ကြီး သူရဦးမြင့်မောင် သံဝေဇနီယလေးဌာနတည်ရှိရာ အိန္ဒိယနိုင်ငံနှင့် နီပေါနိုင်ငံတို့သို့ ဘုရားဖူးအဖွဲ့များ စေလွှတ်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

လှိုင်ကော်မြို့နယ်၌ ရွှေးကောက်ပွဲဆိုင်ရာလုပ်ငန်းများ စစ်ဆေးဆောင်ရွက်

နေပြည်တော် ဩဂုတ် ၄

ကယားပြည်နယ် ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးခင်မောင်ရီနှင့် အဖွဲ့ဝင်များသည် ဩဂုတ် ၂ ရက်တွင် လှိုင်ကော်မြို့နယ် မင်္ဂလာရပ်ကွက်နှင့် ဒေါတမရပ်ကွက်တို့သို့သွားရောက်၍ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းဆောင်ရွက်မှုကိစ္စရပ်များ၊ ကော်မရှင်အဖွဲ့ခွဲရုံး ဖွင့်လှစ်ထားရှိမှု၊ မဲစာရင်းများပြုစုထားရှိမှု အခြေအနေနှင့် မဲရုံဆောက်လုပ်မည့်နေရာများကို ကြည့်ရှုစစ်ဆေးပြီး ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများကို ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း ညွှန်ကြားချက်များနှင့်အညီ ကြီးကြပ် ဆောင်ရွက်သွားရန် ရှင်းလင်းမှာကြားခဲ့သည်။ (သတင်းစဉ်)

မြစ်သားမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် မြို့ပြလမ်း၊ တံတားရန်ပုံငွေဖြင့် ဆောင်ရွက်ရန်ဖြစ်သော ဘူတာရပ် ပိတောက်လမ်း ပေ ၈၀၀ × ၁၂ ပေ ကျောက်ချောခင်းခြင်းလုပ်ငန်းကို အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်မော်မော်ဦးက တာဝန်ယူဆောင်ရွက်လျက်ရှိရာ ကျောက်များစုဆောင်းထားရှိမှု အခြေအနေကို တာဝန်ခံအင်ဂျင်နီယာ ဦးအောင်ဇော်မင်း ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ရုပ်သံဖန်တီးထုတ်လုပ်မှုသင်တန်း ဖွင့်မည်

ရန်ကုန် ဩဂုတ် ၄

မီဒီယာနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း (MCPA)က ဒစ်ဂျစ်တယ်ဗီဒီယိုနည်းပညာများ ပြည်သူလူထုအတွင်း ပြန့်ပွားစေရန် ရည်ရွယ်ချက်ဖြင့် "ရုပ်သံဖန်တီးထုတ်လုပ်မှုသင်တန်း အပတ်စဉ်(၂)" ကို ဩဂုတ် ၂၈ရက်မှ စက်တင်ဘာ ၂၆ရက်အထိ (စနေ၊ တနင်္ဂနွေ) တန်းခွဲအဖြစ် နံနက် ၁၀နာရီမှ ညနေ ၄နာရီအထိ ရန်ကုန်မြို့ လှိုင်မြို့နယ် Myanmar Info-Techရှိ အဆောင်(၁)သင်တန်းခန်း၌ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်သည်။ သင်တန်းကြေးမှာတစ်သိန်းနှစ်သောင်းကျပ်ဖြစ်ပြီး မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းဝင်များအား ၁၀ ရာခိုင်နှုန်း Discount ပေးမည်ဖြစ်သည်။

အဆိုပါ သင်တန်းတွင် ကွန်ပျူတာအခြေခံအဆင့်လေ့လာထားပြီး ရုပ်သံအစီအစဉ်များနှင့် ရုပ်မြင်သံကြားကြော်ငြာများ၊ မှတ်တမ်းရုပ်ရှင်ကားများ ရိုက်ကူးတည်းဖြတ်ထုတ်လုပ်မှုများအကြောင်းကိုစိတ်ဝင်စားစွာလေ့လာလိုသူများ၊ ကုမ္ပဏီများ၊ ဌာနဆိုင်ရာများတွင် Video Presentation များဖြင့် နေ့စဉ်ထိတွေ့လုပ်ကိုင်နေသူများ၊ အခြေခံပညာအထက်တန်း အောင်မြင်ထားသော လူငယ်များအား ရုပ်သံနည်းပညာတွင်ပါဝင်သော ဗီဒီယိုပုံရိပ်များဖွဲ့စည်းမှုသီအိုရီ၊ ဗီဒီယိုရိုက်ကူးတည်းဖြတ်ခြင်းနှင့် DVD ထုတ်လုပ်ပုံများ၊ အသံပိုင်းဆိုင်ရာများ စာတွေ့လက်တွေ့ပါဝင်ပြီး Adobe Certified Expert စာမေးပွဲနှင့် နိုင်ငံခြားရုပ်သံတက္ကသိုလ်ဝင်ခွင့်များ ဖြေဆိုရာတွင် အထောက်အကူ ရရှိမည်ဖြစ်သည်။

MCF

သင်တန်းတွင် ဦးဝဏ္ဏကျော် (Art Director- People Media, Inforithm- Maze) ASEAN Award Winning New Media Artist, Contributor (Internet Journal)က သင်ကြားမည်ဖြစ်ပြီး ဧည့်ပညာရှင်များအဖြစ်စာရေးဆရာချစ်ဦးညိုကဇာတ်ညွှန်းရေးသားခြင်း၊ ဒါရိုက်တာ ဇော်ဆက်က ဇာတ်ကား တည်းဖြတ်ခြင်း၊ တေးရေးနောင်နောင်(S.F)ကဇာတ်ဝင်တေးရေးသားခြင်းတို့ အပါအဝင် ဂီတရုပ်ရှင် အခြေခံသဘောတရားများကိုတစ်ချိန်စီလာရောက်ပို့ချပေးကြမည်ဖြစ်ကြောင်း၊ Software Application Installer များ၊ Plug-ins များ၊ Resource Material များ၊ ခေတ်ပေါ်ဗီဒီယိုနည်းပညာနှင့် ရုပ်ရှင်ဂီတသဘောတရားဆိုင်ရာ မှတ်စုများကိုလည်း ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံကွန်ပျူတာပညာရှင် အသင်းရုံးခန်း၊ အဆောင် (၄) အခန်း (၄) ဖုန်း-၆၅၂၂၇၆ သို့ ဩဂုတ် ၁၆ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး အဆင့်မြင့်ကုန်စည်ဒိုင် အုတ်မြစ်စီအခမ်းအနားတက်ရောက် ပုသိမ်-မုံရွာကားလမ်း(မုံရွာခရိုင်အပိုင်း) အဆင့်တိုးမြှင့်ခြင်းလုပ်ငန်း စစ်ဆေး

နေပြည်တော် ဩဂုတ် ၄

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးသည် ဇူလိုင် ၂၈ ရက်တွင် စစ်ကိုင်းတိုင်း မုံရွာခရိုင် ယင်းမာပင်မြို့နယ် အောင်ဇေယျမြို့ကွက်သစ်စီမံကိန်း၌ ကျင်းပသောအဆင့်မြင့်ကုန်စည်ဒိုင် ရတနာအုတ်မြစ်စီ မင်္ဂလာအခမ်းအနားသို့ တက်ရောက်ခဲ့သည်။

ဖြည့်ဆည်းပေး

ရှေးဦးစွာ တိုင်းမှူးသည် ကုန်စည်ဒိုင်တည်ဆောက်ရေး ရှင်းလင်းဆောင်ခန်းမသို့ ရောက်ရှိရာ စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက ကုန်စည်ဒိုင်တည်ဆောက်မည့် အခြေအနေနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးခဲ့သည်။

ဆက်လက်၍ မင်္ဂလာအချိန်တွင် တိုင်းမှူးက ရတနာကြုတ်ထည့်သွင်းပြီး ပတ္တမြားအုတ်မြစ်စီ၍ အမွှေးနံ့သာရည် ပက်ဖျန်းပေးသည်။

ယင်းနောက် တာဝန်ရှိသူများက ရတနာအုတ်မြစ်များကို နေ့နံအလိုက်သွင်း၍ အမွှေးနံ့သာရည် ပက်ဖျန်းကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကတ္တရာလမ်းအဆင့်

ထို့မှတစ်ဆင့် တိုင်းမှူးနှင့်အဖွဲ့သည် ပုသိမ်-မုံရွာလမ်းမကြီးဖောက်လုပ်ခြင်း စီမံကိန်း (မုံရွာခရိုင်အပိုင်း)ကတ္တရာလမ်း အဆင့်တိုးမြှင့်ခြင်း လုပ်ငန်းခွင်ကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး လမ်းဖောက်လုပ်ရေးစီမံကိန်း ရှင်းလင်းဆောင်သို့ရောက်ရှိရာ တာဝန်ရှိသူများက အဖွဲ့လိုက် လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းမှူးက လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးပြီး လမ်းပိုင်းအခြေအနေများကို ဆက်လက်ကြည့်ရှုစစ်ဆေးခဲ့သည်။

တိုင်းမှူးသည် ဇူလိုင် ၂၉ ရက်တွင် စစ်ကိုင်းတိုင်း မုံရွာခရိုင် ချောင်းဦးမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည့် ၂၀၀၉-၂၀၁၀ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲနှင့် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးသို့ တက်ရောက်၍ ၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူး ရရှိကြသော ကျောင်းသား၊ ကျောင်းသူ လေးဦးတို့အား ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် တာဝန်ရှိသူများက ငါးဘာသာမှ တစ်ဘာသာအထိ ဂုဏ်ထူးရရှိသော ကျောင်းသား၊ ကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်ကြသည်။

ဝါစိုက်ခင်းကြည့်ရှု

ယင်းနောက် တိုင်းမှူးသည် ချောင်းဦးမြို့နယ် အောင်ချမ်းသာကျေးရွာသို့ ရောက်ရှိပြီး တောင်သူတစ်ဦး စိုက်ပျိုးထားရှိသော ငွေချည်(၆) ချည်မျှင်ရှည်ဝါစိုက်ခင်း၏ အောင်မြင်ဖြစ်ထွန်းမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ ဒေသခံ ဝါစိုက်တောင်သူများနှင့် တွေ့ဆုံသည်။

ထို့မှတစ်ဆင့် မုံရွာမြို့ သလ္လာရပ်ကွက်ရှိ သလ္လာပရဟိတကျောင်း၌ ကျင်းပသော ဗလာစာအုပ်နှင့် ကျောင်းသုံးစာရေးကိရိယာ ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်၍ ပရဟိတကျောင်းသို့ အလှူငွေများ၊ ကျောင်းဝတ်စုံ၊ ကျောင်းသုံးဗလာစာအုပ်နှင့် စာရေးကိရိယာများ ပေးအပ်လှူဒါန်းခဲ့ပြီး ဌာနဆိုင်ရာများနှင့် အလှူရှင်များက အလှူငွေများ ပေးအပ်ကြသည်။

ထို့နောက် သလ္လာပရဟိတကျောင်း ကျောင်းကော်မတီဥက္ကဋ္ဌက ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နေပြည်တော်မြန်မာ့အသံရေဒီယိုအစီအစဉ်

(ကြာသပတေးနေ့-နံနက်-နေ့လယ်-ည)

၅-၈-၂၀၁၀

- ၇း၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
- ၇း၀၅ တရားတော် (ရတနသုတ်) ဓမ္မပူဇာတေးပဒေသာ
- ၇း၃၀ (၃၈)ဖြာမင်္ဂလာ
- ၇း၃၅ နံနက်ခင်းတေးပဒေသာ
- ၈း၀၀ စံတော်ချိန်+သတင်း
- ၈း၁၀ နံနက်ခင်းတေးပဒေသာ
- ၈း၃၀ လောကနီတိအသိရှိစေဖို့ (နှလုံးအလှအဆုံးအမတော်များ)
- ၈း၃၅ တေးပဒေသာ
- ၁၀း၀၀ အမှတ်တရလက်ဆောင်
- ၁၀း၃၀ သတင်းစာအာဘော်
- ၁၀း၃၅ တေးပဒေသာ
- ၁၁း၀၀ နေ့လယ်ခင်းသတင်း
- ၁၁း၁၀ နေ့လယ်ခင်းတေးပဒေသာ
- ၁၁း၂၅ ညွှန်းဖွဲ့သီရေး သူ့အလှည့်တေး (စန္ဒရားလှမိုး)
- ၁၁း၄၅ သိပ္ပံပညာသိကောင်းစရာ (နေကြတ်ခြင်း)
- ၁၁း၅၅ တေးသီချင်း
- ၁၂း၀၀ စံတော်ချိန် ဇာနည်စစ်သည်တေးပန်းချီ
- ၁၂း၂၀ ယဉ်ကျေးမှုအနုပညာ(ပဉ္စ ရူပ)
- ၁၂း၃၀ Music Talk တေးပဒေသာ
- ၁း၀၀ မွန်းလွဲပိုင်းသတင်း
- ၁း၁၀ တေးပဒေသာ
- ၁း၃၀ အစီအစဉ်ပြီး၏။
- ၄း၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
- ၄း၃၀ အမှတ်တရတေးလက်ဆောင်
- ၅း၁၀ ဘဝတစ်ကွေ့အတွေ့အကြုံ (မထိုက်တန်သောပေးဆပ်ရမှု) တေးပဒေသာ
- ၅း၂၅ သတင်းစာဆောင်းပါး တေးပဒေသာ
- ၅း၃၀ ရေဒီယိုဇာတ်လမ်းတွဲများ (ချစ်ခြင်း၏ပဥ္စလက်) (ဇာတ်သိမ်းပိုင်း)
- ၆း၂၀ ညနေခင်းတေးပဒေသာ
- ၆း၂၅ ကျေးလက်ဇာတ်လမ်း (အချစ်ဖီလင်)
- ၆း၄၅ ချိုချစ်ဖွယ် အင်္ဂလိပ်တေးသီချင်းကဏ္ဍ
- ၇း၀၀ နိုင်ငံတကာသတင်း
- ၇း၀၅ ညချမ်းချိန်ခါတေးပဒေသာ နိုင်ငံရေးဦးတည်ချက်
- ၇း၃၀ သုတစုံကြွယ်သိစေဖွယ် (စိတ်ဖိစီးမှု)
- ၇း၄၀ ရေဒီယိုအတိတ်တေးအရိပ်
- ၈း၀၀ ပြည်တွင်းသတင်း
- ၈း၂၀ ချမ်းမြေ့သာယာသီရိဂေဟာ (မေတ္တာအတွေးလေးများ)
- ၈း၅၀ သူ့လက်သံ-စောင်းဦးဘသန်းရဲ့ စောင်းလက်သံ စီးပွားရေးဦးတည်ချက်
- ၉း၀၀ ဆောင်းပါး (သေတတ်ဖို့လည်းလိုသေးတယ်)
- ၉း၀၅ ခံစားနားဆင်မြန်မာတေးသံစဉ် လူမှုရေးဦးတည်ချက် ညချမ်းချိန်ခါတေးပဒေသာ
- ၁၀း၀၀ အစီအစဉ်ပြီး။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦး ရွှေနံ့သာ(ပုလဲမြို့သစ်)ရှိ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း အပင်ဇီဝနည်းပညာဗဟိုဌာန၌ ကြည့်ရှုစစ်ဆေးစဉ်။ (လယ်/ဆည်)

ဝန်ကြီး ဦးဌေးဦး အပင်ဇီဝနည်းပညာဗဟိုဌာန၌ သီးနှံမျိုးကောင်းမျိုးသန့်ထုတ်လုပ်မှု ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၄

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦးသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဩဂုတ် ၃ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် ရွှေနံ့သာ(ပုလဲမြို့သစ်)ရှိ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း အပင်ဇီဝနည်းပညာဗဟိုဌာနသို့ ရောက်ရှိပြီး သီးနှံမျိုးများအလိုက် မျိုးဗီဇသန့်စင်မှု စစ်ဆေးသည့်လုပ်ငန်းများနှင့် အပင်ဇီဝနည်းပညာဖြင့် သီးနှံမျိုးကောင်းမျိုးသန့် ထုတ်လုပ်မှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးနှင့်အဖွဲ့အား ရှင်းလင်းဆောင်၌ အပင်ဇီဝနည်းပညာဗဟိုဌာနမှ ဒုတိယအထွေထွေမန်နေဂျာ ဒေါက်တာခင်မောင်သက်က သီးနှံမျိုးကောင်းမျိုးသန့်ထုတ်လုပ်ရာ၌ အပင်ဇီဝနည်းပညာဖြင့် အထောက်အကူပြုဆောင်ရွက်နေသည့်လုပ်ငန်းများနှင့် ရှေ့ဆက်ဆောင်ရွက်သွားမည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြရာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်ဝင်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးက ပန်းတိုင်အထွက်နှုန်းရရှိရန် အဓိကသီးနှံ ၁၀ မျိုး၊ အထူးသဖြင့် စပါးသီးနှံတွင် အရည်အသွေးကောင်းပြီး အထွက်နှုန်းကောင်းသည့် မျိုးများထုတ်လုပ်မှုကို အထောက်အကူပြုရန်နှင့် ဈေးကွက်ဝင် ဈေးကောင်းရသီးနှံများဖော်ထုတ်၍ တောင်သူလယ်သမားများအား ဖြန့်ဝေပေးရန် မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် စပါးအဖိုဝတ်မှုန်မှ မျိုးသစ်ထုတ်လုပ်မှုနှင့် စပ်မျိုးသစ်ခွများ၊ ဆေးဖက်ဝင် သစ်ခွများအား တစ်သျှူးမျိုးပွားနည်းဖြင့် မျိုးပွားထားမှု၊ ဓာတ်ခွဲခန်းများ၌ ဇရာဝတီတိုင်းမှ ပေါ်ဆန်းမွှေး စပါးမျိုးများ စုဆောင်း၍ DNA finger print ပြုလုပ်နေမှု၊ ဆန်တွင် အမိုင်နိုဓာတ်ပါဝင်မှု စမ်းသပ်နေမှု၊ စပါးအဖိုဝတ်မှုန်မှ တစ်သျှူးမျိုးပွားမှု၊ ဆေးဖက်ဝင်သစ်ခွနှင့် သဇင်ပန်းမျိုးများ မျိုးပွားခန်း၌ ထားသိုစုဆောင်းမှုနှင့် ဇီဝနည်းပညာဖြင့် မျိုးသစ်သုတေသနဆောင်ရွက်ချက်တင်ပြမှုတို့ကို ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သွေးလွန်တုပ်ကွေးကာကွယ်ရေး တောင်ဥက္ကလာပ၌ ဆောင်ရွက်

ရန်ကုန် ဩဂုတ် ၄

ရန်ကုန်အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပမြို့နယ်အတွင်း သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှု လျော့နည်းကျဆင်းစေရေး ကြိုတင်ကာကွယ်ရေးလုပ်ငန်းကို ဇူလိုင် ၃၁ရက် နံနက် ၈ နာရီတွင် (၄)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ စုရပ်ပြုလုပ်၍ လှုပ်ရှားဆောင်ရွက်ကြသည်။

သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်း ပူးပေါင်းဆောင်ရွက်ခြင်းကို ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးအေးပိုင်၊ တောင်ဥက္ကလာပမြို့နယ်ဥက္ကဋ္ဌ ဦးချစ်သိန်း၊ မြို့နယ်တာဝန်ခံ ဆရာဝန် ဒေါက်တာဦးအေးသွင်၊ မြို့နယ် ရဲတပ်ဖွဲ့မှူး ဒုရဲမှူးအောင်ကျော်မြင့်၊ ရပ်ကွက်ဥက္ကဋ္ဌ ဦးသိန်းသန်းဦး၊ ဇေယျာရွှေမြေအက်ဖ်စီ မီဒီယာတာဝန်ခံစာရေးဆရာ ကိုနေ(မန်း)နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ စုပေါင်း၍ ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ဆေးစိမ်ခြင်ထောင် ပြုလုပ်ပေးခြင်း၊ ခြင်နိုင်ဆေးများ ဖျန်းခြင်း၊ ကျန်းမာရေးပညာပေးဟောပြောခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ **(အောက်ပုံ)**

(၁၀၇)

သက်ရှိလောက တည်မြဲဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

မိတ္ထီလာ၌ မဲရုံမှူး၊ ဒု-မဲရုံမှူးများ မဲရုံတာဝန်လုပ်ငန်းသင်တန်းဖွင့်

မိတ္ထီလာ ဩဂုတ် ၄

မိတ္ထီလာမြို့နယ် ကော်မရှင်အဖွဲ့ခွဲက ကြီးမှူးဖွင့်လှစ်သော မဲရုံမှူး၊ ဒု-မဲရုံမှူးများ မဲရုံတာဝန်လုပ်ငန်း သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၂၈ ရက် နံနက် ၈ နာရီခွဲတွင် ကန်တော်မင်္ဂလာခန်းမ၌ ကျင်းပသည်။**(အပေါ်ယာပုံ)**

အခမ်းအနားတွင် မန္တလေးတိုင်း ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဒေါက်တာမျိုးသန်းနှင့် မိတ္ထီလာမြို့နယ် ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးသန်းဝင်းတို့က အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးသန်းဝင်းက လွှတ်တော်အဆင့်ဆင့် ဖွဲ့စည်းပုံ၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင်များမှ ရွေးကောက်ပွဲနည်းဥပဒေများ၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ လုပ်ငန်းလမ်းညွှန်၊ ရပ်ကွက်၊ ကျေးရွာကော်မရှင်အဖွဲ့ခွဲ လုပ်ငန်းလမ်းညွှန်၊ မဲရုံမှူး၊ ဒု-မဲရုံမှူး လုပ်ငန်းလမ်းညွှန်များကို ဆွေးနွေးပို့ချပြီး မြို့နယ် ကော်မရှင်အဖွဲ့ခွဲအတွင်းရေးမှူး ဦးမျိုးသိုက်ထွန်းက မဲရုံကို လက်တွေ့သရုပ်ပြသခဲ့သည်။ အဆိုပါသင်တန်းကို ဇူလိုင် ၂၈ ရက်နှင့် ၂၉ ရက်များတွင် ဖွင့်လှစ်ပို့ချခဲ့ရာ မဲရုံမှူး၊ ဒု-မဲရုံမှူးသင်တန်းသား စုစုပေါင်း ၅၅၆ ဦး တက်ရောက်ခဲ့ကြောင်း သိရှိရသည်။ (ခရိုင်ပြန်/ဆက်)

အီရတ်နိုင်ငံတွင် ဗုံးပေါက်ကွဲမှုများကြောင့် လူ ၃၃ ဦး သေဆုံး

ဘဂ္ဂဒက် ဩဂုတ် ၄

အီရတ်နိုင်ငံ အရှေ့တောင်ပိုင်း ကွတ်မြို့၌ အင်္ဂါနေ့က ဗုံးပေါက်ကွဲမှု နှစ်ရပ်ဖြစ်ပွားခဲ့ရာ သေဆုံးသူ ၃၃ အထိရှိခဲ့ပြီး ၈၅ဦး ဒဏ်ရာရရှိခဲ့ကြောင်း အီရတ်ပြည်ထဲရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

အဆိုပါ ဗုံးပေါက်ကွဲမှုများသည် ဝါဆစ်ပြည်နယ်၊ ကွတ်မြို့ အယ်လ်အမေးလ်ခရိုင်တွင် ညနေပိုင်းက ဖြစ်ပွားခဲ့ပြီး ကားဗုံးပေါက်ကွဲမှုတစ်ရပ်နှင့် လမ်းဘေးဗုံးပေါက်ကွဲမှုတစ်ရပ်တို့သည် စက္ကန့်ပိုင်းမျှသာခြား၍ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

ဗုံးပေါက်ကွဲမှုများကြောင့် ဒဏ်ရာရရှိသူ အတော်များများ၏ အခြေအနေသည် စိုးရိမ်ရသောကြောင့် သေဆုံးသူအရေအတွက် ပိုမိုတိုးမြင့်လာနိုင်ကြောင်း သိရသည်။ ဗုံးပေါက်ကွဲမှုများကြောင့် ဈေးဆိုင် ၁၀ဆိုင်ခန့် ပျက်စီးခဲ့ပြီး မော်တော်ယာဉ်အများအပြားလည်း ဆိုးဆိုးရွားရွားပျက်စီးခဲ့ကြောင်း သတင်းတွင်ဖော်ပြသည်။

အီရတ်နိုင်ငံ၏ ပြည်တွင်းရေးအခြေအနေငြိမ်သက်စေရန် အီရတ်အစိုးရက ကြိုးပမ်းလျက်ရှိသော်လည်း လုံခြုံရေးလျော့ရဲနေမှုများကြောင့် အီရတ်နိုင်ငံ၏ မြို့တော်ကြီးများတွင် အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပွားနေဆဲဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

အာဖဂန်မြောက်ပိုင်း၌ လက်လုပ်ဗုံးပေါက်ကွဲ အရပ်သားများသေဆုံး

ကဘူး ဩဂုတ် ၄

အာဖဂန်နစ္စတန်နိုင်ငံ မြောက်ပိုင်း ဖာယက်ပြည်နယ်တွင် ဩဂုတ် ၂ ရက်က လက်လုပ်ဗုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့ရာ အရပ်သား လေးဦးသေဆုံး၍ သုံးဦး ဒဏ်ရာရရှိခဲ့ကြောင်း နေတိုးဦးဆောင်သည့် နိုင်ငံတကာလုံခြုံရေး အထောက်အကူပြုတပ်ဖွဲ့က သတင်းထုတ်ပြန်သည်။

လက်လုပ်ဗုံးများသုံးစွဲ၍ တိုက်ခိုက်ခြင်းကြောင့် အပြစ်မဲ့အရပ်သားများ သေဆုံးနေရကြောင်း နေတိုးတပ်ဖွဲ့၏ ထုတ်ပြန်ချက်တွင် ပါရှိသော်လည်း ဖြစ်ပျက်ပုံအသေးစိတ်ကို ဖော်ပြထားခြင်းမရှိပေ။

နိုင်ငံတကာလုံခြုံရေး အထောက်အကူပြုတပ်ဖွဲ့၏ မှတ်တမ်းများအရ ၂၀၁၀ ခုနှစ်မှစ၍ လက်လုပ်ဗုံး (အိုင်အီးဒီ) များကြောင့် အရပ်သား ၄၀၀ကျော် သေဆုံးခဲ့ရပြီး ၈၆၀ကျော် ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အသေအပျောက်များ

လက်လုပ်ဗုံးများနှင့် လမ်းဘေးထောင်ဗုံးများသည် တာလီဘန်များ အဓိကထားသုံးစွဲသောလက်နက်များဖြစ်ပြီး ယင်းလက်နက်များကြောင့် အာဖဂန်နစ္စတန်မှ နိုင်ငံခြားတပ်ဖွဲ့ဝင်များနှင့် အာဖဂန်အစိုးရ တပ်ဖွဲ့ဝင်များ အသေအပျောက်များ ပြားခဲ့သည်ဟုဆိုသည်။

တာလီဘန်များသည် ယခုနှစ်အတွင်း အာဖဂန်ပြည်တွင်း ၌ တိုက်ခိုက်မှုများကို အရှိန်မြှင့်လုပ်ဆောင် မည်ဖြစ်ကြောင်း ပြောကြားသည်။ ၎င်းတို့၏ ပြောကြားချက်နှင့် ပတ်သက်၍ အာဖဂန်အစိုးရက ပြန်လည်တုံ့ပြန်ခြင်း မရှိသေးပေ။

အမ်အင်အေ၊ဆင်ဟွာ။

အာဖဂန် တောင်ပိုင်း၌ အိုင်အီးဒီဗုံးအလုပ်ရုံ ရှာဖွေတွေ့ရှိ

လက်ရှ်ကာဂါ ဩဂုတ် ၄

အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်း တာလီဘန်များကြီးစိုးရာ ဟဲလ်မန်ပြည်နယ်တွင်းရှိ လက်လုပ်ဗုံး (အိုင်အီးဒီ) များ ထုတ်လုပ်သည့် အလုပ်ရုံတစ်ရုံကို ဗြိတိသျှတပ်ဖွဲ့ဝင်များက ရှာဖွေတွေ့ရှိခဲ့ကြောင်း ဩဂုတ် ၁ ရက် သတင်းများတွင် ဖော်ပြသည်။

ဟဲလ်မန်ပြည်နယ်အတွင်း တော်ရှီဇာဒါး အမည်ရှိ စစ်ဆင်ရေးတစ်ရပ်ကို ဗြိတိသျှတပ်ဖွဲ့ဝင်များ ဆောင်ရွက်နေစဉ် အဆိုပါ လက်လုပ်ဗုံးထုတ်လုပ်သည့် ပစ္စည်းကိရိယာများ စုစည်းထားရှိသည့်နေရာကို ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။

ယင်းလက်လုပ်ဗုံး ထုတ်လုပ်သည့် အလုပ်ရုံ၌ တွေ့ရှိခဲ့ရသော ဖောက်ခွဲရေး ပစ္စည်းများကို ယင်းနေရာ၌ပင် ဗြိတိသျှတပ်ဖွဲ့များက ဖောက်ခွဲဖျက်ဆီးခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

အင်တာနက်။

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ အရှေ့တောင်ပိုင်း ကွတ်မြို့၌ ဩဂုတ် ၄ ရက်က ဖြစ်ပွားခဲ့သော ကားဗုံးပေါက်ကွဲမှုကြောင့် ဖြစ်ပေါ်ခဲ့သည့် အပျက်အစီးများကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဘဂ္ဂဒက်ရှိ စစ်ဆေးရေးစခန်းကို စစ်သွေးကြွများ တိုက်ခိုက် ပြန်လည်မဆုတ်ခွာမီ အယ်လ်ခိုင်ဒါအလံနက်ကို စိုက်ထူခဲ့

ဘဂ္ဂဒက် ဩဂုတ် ၄

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ အနောက်ပိုင်းရှိ စစ်ဆေးရေးစခန်းတစ်ခုကို အယ်လ်ခိုင်ဒါများဟု ယူဆရသော လက်နက်ကိုင်များက ဩဂုတ် ၃ ရက်တွင် ဝင်ရောက်တိုက်ခိုက်ရာ အီရတ်တပ်ဖွဲ့ဝင် ငါးဦး သေဆုံးခဲ့သည်။

ယင်းအယ်လ်ခိုင်ဒါ စစ်သွေးကြွများသည် တိုက်ခိုက်မှုဖြစ်ပွားခဲ့သော နေရာမှ ပြန်လည်ဆုတ်ခွာခြင်းမပြုမီ အယ်လ်ခိုင်ဒါ အဖွဲ့၏ အထိမ်းအမှတ်အလံဖြစ်သော အလံနက်ကို စိုက်ထူလွှင့်တင်ခဲ့ကြောင်း အီရတ်တာဝန်ရှိသူများက ပြောကြားသည်။

အကြမ်းဖက်တိုက်ခိုက်မှု ဖြစ်ပွားရာနေရာတွင် အယ်လ်ခိုင်ဒါအဖွဲ့၏အလံကို လွှင့်ထူခဲ့ခြင်းအား တွေ့မြင်ရခြင်းသည် ရက်သတ္တပတ်အတွင်း ဒုတိယအကြိမ်မြောက် တွေ့ရခြင်းဖြစ်သည်။

ဇူလိုင် ၂၉ ရက်က ဘဂ္ဂဒက်မြို့ အဇာမီးယားခရိုင်ရှိ စစ်ဆေးရေးစခန်းတစ်ခုကို အယ်လ်ခိုင်ဒါဟု ယူဆရသူများက တိုက်ခိုက်ခဲ့ကြပြီး အခင်းဖြစ်ရာမှ မဆုတ်ခွာမီ အယ်လ်ခိုင်ဒါ၏ အလံနက်ကို စိုက်ထူလွှင့်တင်ခဲ့ကြောင်း သိရသည်။ အဆိုပါ တိုက်ခိုက်မှုတွင် အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင် ၁၆ ဦးသေဆုံးခဲ့ရသည်။

အင်္ဂါနေ့က ဖြစ်ပွားခဲ့သော အကြမ်းဖက် တိုက်ခိုက်မှုဖြစ်စဉ်တွင် စစ်သွေးကြွများသည် မော်တော်ယာဉ် သုံးစီးဖြင့်ရောက်လာကာ အသံတိတ်ကိရိယာတပ်ဆင်ထားသော လက်နက်ငယ်များဖြင့် ဝင်ရောက်တိုက်ခိုက်ခဲ့ကြောင်း၊ ပြန်လည်မဆုတ်ခွာမီ စစ်ဆေးရေးစခန်း၌ ဝါးလုံးတစ်လုံးတွင် အယ်လ်ခိုင်ဒါ အလံနက်ကို ချည်နှောင်လွှင့်ထူခဲ့ကြောင်း သတင်းတွင်ဖော်ပြသည်။

အင်တာနက်။

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးမြို့ အရှေ့ဘက် ဂျာလာလာဘတ်မြို့၌ ဩဂုတ် ၂ ရက်က ဖြစ်ပွားခဲ့သော ဗုံးပေါက်ကွဲမှု မြင်ကွင်းကို တွေ့ရစဉ်။

(ယင်းတိုက်ခိုက်မှုသည် အာဖဂန်သမ္မတ၏ အကြံပေးတစ်ဦးကို တိုက်ခိုက်ခဲ့ခြင်းဖြစ်ပြီး ယင်းအကြံပေးမှာ အသက်ဘေးမှ လွတ်မြောက်ခဲ့သည်။)

(ဓာတ်ပုံ-အင်တာနက်)

အမေရိကန်တပ်ဖွဲ့များ၏ စစ်ရေးလှုပ်ရှားမှုများ အဆုံးသတ်ပြီးနောက် အကြမ်းဖက်မှုများ တိုးမြင့်ဖြစ်ပေါ်မည်ကို အီရတ်နိုင်ငံသားများ စိုးရိမ်နေ

ဘဂ္ဂဒက် ဩဂုတ် ၄

ဩဂုတ် ၃၁ ရက်တွင် အီရတ်နိုင်ငံမှ အမေရိကန်တပ်ဖွဲ့များ၏ စစ်ရေးလှုပ်ရှားမှုများကို ရပ်နားတော့မည်ဖြစ်ရာ အကြမ်းဖက်တိုက်ခိုက်မှုများ ပိုမိုဖြစ်ပွားလာမည့်အရေးကို အီရတ်ပြည်သူများ စိုးရိမ်ကြောင့်ကြလျက်ရှိကြောင်း ဩဂုတ် ၃ ရက် သတင်းများတွင် ဖော်ပြသည်။

ဗုံးပေါက်ကွဲမှုများနှင့် အခြားအကြမ်းဖက်တိုက်ခိုက်မှုများသည် အီရတ်နိုင်ငံအတွင်း နေ့စဉ်နီးပါးမျှ ဖြစ်ပွားလျက်ရှိပြီး ပြီးခဲ့သည့်လအတွင်း အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် အရပ်သား သေဆုံးမှုနှုန်းလည်း မြင့်တက်ခဲ့ကြောင်း အီရတ်တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အမေရိကန်တပ်များ၏ စစ်ရေးလှုပ်ရှားမှုများ အဆုံးသတ်ပြီးနောက် အီရတ်နိုင်ငံအတွင်း လစ်ဟာသွားသော လုံခြုံရေးအခြေအနေကို အခွင့်ကောင်းယူ၍ စစ်သွေးကြွများနှင့် အခြားလက်နက်ကိုင်တပ်ဖွဲ့များက အကြမ်းဖက်တိုက်ခိုက်မှုများ လုပ်ဆောင်လာနိုင်ကြောင်း အီရတ်နိုင်ငံသားတစ်ဦးက ပြောကြားသည်။

အီရတ်လုံခြုံရေးတပ်ဖွဲ့များက ပြည်တွင်းအခြေအနေ အရပ်ရပ်ကို နိုင်နင်းစွာ ကိုင်တွယ်နိုင်စွမ်းမရှိသောကြောင့် လုံခြုံရေးအခြေအနေ လျော့ရဲလျက်ရှိရာ အီရတ်နိုင်ငံ၏ အခြေအနေသည် ပြည်တွင်းစစ်ဖြစ်နိုင်သည့် အနေအထားသို့ ဆိုက်ရောက်နေကြောင်း အီရတ်နိုင်ငံသားများက ယူဆနေသည်။

အင်တာနက်။

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်မှုကြောင့် အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ဘဂ္ဂဒက် ဩဂုတ် ၄

အီရတ်နိုင်ငံသို့ အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့သည်မှာ အချိန်ကာလကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင်များ၏ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့မှုကြောင့် အီရတ်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရရှိလျက်ရှိသည်။

အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အီရတ်နိုင်ငံသို့ အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့သည့်အချိန်မှစတင်ပြီး ဩဂုတ် ၄ ရက်အထိ သေဆုံးခဲ့သည့် အီရတ်ပြည်သူဦးရေမှာ ၇၀၂၆၈၂ ဦး ရှိပြီး အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ ဦးရေမှာ ၁၂၇၀၉၁၉ ဦး ဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁	သေဆုံးသူအီရတ်ပြည်သူများ	၇၀၂၆၈၂ ဦး
၂	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အီရတ်ပြည်သူများ	၁၂၇၀၉၁၉ ဦး

အင်တာနက်။

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်မှုကြောင့် အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ကဘူး ဩဂုတ် ၄

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်ခဲ့သည်မှာ အချိန်ကာလကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ၏ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့မှုကြောင့် အာဖဂန်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရရှိလျက်ရှိသည်။

အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့သည့် အချိန်မှစတင်ပြီး ဩဂုတ် ၄ ရက်အထိ သေဆုံးခဲ့သည့် အာဖဂန်ပြည်သူဦးရေမှာ ၃၃၀၄၉ ဦးရှိပြီး အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ ဦးရေမှာ ၃၉၆၄၆ ဦး ဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁	သေဆုံးသူအာဖဂန်ပြည်သူများ	၃၃၀၄၉ ဦး
၂	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူအာဖဂန်ပြည်သူများ	၃၉၆၄၆ ဦး

အင်တာနက်။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း မွန်ပြည်နယ်အတွင်းရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဘီးလင်းမြို့နယ်ထပ်ဆင့်လွှင့်စက်ရုံ၊ မော်လမြိုင်ရုပ်ရှင်လုပ်ငန်းမှ တာဝန်ခံနှင့် ဝန်ထမ်းများအား တွေ့ဆုံမှာကြား

နေပြည်တော် ဩဂုတ် ၄

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်းသည် ဩဂုတ် ၄ ရက် နံနက် ၈ နာရီခွဲတွင် မွန်ပြည်နယ် သထုံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးသို့ ရောက်ရှိပြီး နံရံကပ်စာစောင်များ၊ ပိုစတာများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ အစည်းအဝေးခန်းမ၌ မွန်ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ သထုံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ သထုံမြို့နယ်၊ ကျိုက်ထိုမြို့နယ်၊ ဘီးလင်းမြို့နယ်နှင့် ပေါင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့မှ ပြည်နယ်၊ ခရိုင်၊ မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးမှူးများနှင့် ဝန်ထမ်းများ၊ ဘီးလင်းရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံနှင့် မော်လမြိုင် မြန်မာ့ရုပ်ရှင်လုပ်ငန်းတို့မှ တာဝန်ရှိသူများအား တွေ့ဆုံရာ သက်ဆိုင်ရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

မှာကြား

ထို့နောက် ဝန်ကြီးက ကျေးရွာကိုယ့်အားကိုယ့်ကိုးစာကြည့်တိုက်များ ရေရှည်ရှင်သန်ခိုင်မာရေး၊ ကျေးရွာတိုင်း သတင်းစာတစ်စောင် ရောက်ရှိဖတ်ရှုနိုင်ရန်အတွက် စည်းရုံးဆောင်ရွက်ကြရေး၊ ရုပ်/သံ ထုတ်လွှင့်မှုကို စက်စွမ်းအားအလျောက် ပတ်ဝန်းကျင်ဒေသများသို့ ထိထိရောက်ရောက် ပျံ့နှံ့ရောက်ရှိအောင် ဆောင်ရွက်ရေး တို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း သထုံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံး၌ နံရံကပ်စာစောင်များ၊ ပိုစတာများ ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေလေ့လာစို့

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၅-၈-၂၀၁၀ (ကြာသပတေးနေ့)

AM & PM

- ၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ဇေဂ္ဂသုတ်
- ၅း၁၅ MRTV-4 သတင်း
- ၆း၀၀ “ခေါင်းလောင်းထိုးပြီးလှူလိုက်သည်”တရားတော် ဘဒ္ဒန္တကုန္ဒာဝုဓာဘိဝံ (ထူးကြီးဆရာတော်)
- ၇း၀၀ MRTV-4 သတင်း
- ၇း၄၅ MRTV-4 ကာတွန်းအစီအစဉ်
- ၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ပြောင်းလဲမရတဲ့အချစ်” (အပိုင်း-၆၈)**
- ၈း၃၅ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် ရန်ပုံငွေတေးဂီတဖျော်ဖြေပွဲ (အပိုင်း-၄)(အေသင်ချိုဆွေ)
- ၉း၁၅ Activities In the City [ယောနယ်အသင်း(ရန်ကုန်)၏ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲနှင့် အလှူငွေပေးအပ်ပွဲ]
- ၉း၃၀ Science For All (ICT ခေတ်အစ Radio က) (သိပ္ပံစာရေးဆရာ ကိုကိုအောင်၊ ဇင်အောင်)
- ၉း၅၅ ဗုဒ္ဓဂယာ မဇ္ဈိမဒေသဆီသို့
- ၁၀း၁၀ အမှောင်ကိုခွင်းသော အင်အားများ
- ၁၀း၄၀ The Champion of Dance
- ၁၁း၁၀ ကိုယ်ရောက်နေတဲ့ကိုယ့်နေရာ (မြဘုရင်နို့ချက်စက်ရုံ၏ လုပ်ငန်းရှင်ဦးဝင်းမောင်နှင့် တွေ့ဆုံခြင်း) (အပိုင်း-၂)
- ၁၁း၃၀ စွမ်းရည်ထက်မြက် မြန်မာ့မျက်လှည့်
- ၁၂း၀၀ Say It In English
- ၁၂း၁၀ နောက်မကျရအောင် (မင်းသူ၊ မိုးပြည့်ပြည့်မောင်) (ဒါရိုက်တာ-ကြည်စိုး)
- ၁၂း၂၀ HIPHOP ACOUSTICS ကြိုတင်ပြင်ဆင်နေမှုများ
- ၁၂း၃၅ မျှော်လင့်ခြင်းခရီးစဉ် ဖြစ်ရပ်မှန်(၈) (ဘက်ပေါင်းစုံမှ ပြုစုကုသစောင့်ရှောက်ခြင်း)
- ၁း၀၀ “ခေါင်းလောင်းထိုးပြီးလှူလိုက်သည်”တရားတော် ဘဒ္ဒန္တကုန္ဒာဝုဓာဘိဝံ (ထူးကြီးဆရာတော်)
- ၂း၀၀ MRTV-4 သတင်း
- ၂း၄၅ ခေတ္တရာဟသ်ာဆန်စပါးအထူးပြုကုမ္ပဏီလီမိတက်မှ တောင်သူများအား စိုက်ပျိုးစရိတ်နှင့် သွင်းအားစုများ ပေးအပ်ပွဲအခမ်းအနား
- ၃း၁၀ ကိုယ်ရောက်နေတဲ့ကိုယ့်နေရာ (မြဘုရင်နို့ချက်စက်ရုံ၏ လုပ်ငန်းရှင်ဦးဝင်းမောင်နှင့် တွေ့ဆုံခြင်း) (အပိုင်း-၂)
- ၃း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ပြောင်းလဲမရတဲ့အချစ်” (အပိုင်း-၆၈)**
- ၄း၀၅ ကျန်းမာလှပသွယ်လျဖို့ SMART GIRL ကိုသွားကြစို့
- ၄း၂၀ ရန်ကုန်မြင်ကွင်းကျယ် (BDS စုပေါင်းဝါဆိုသင်္ကန်းကပ်လှူပွဲ)
- ၄း၃၀ ဗုဒ္ဓဂယာ မဇ္ဈိမဒေသဆီသို့
- ၄း၄၅ Activities In the City [ယောနယ်အသင်း(ရန်ကုန်)၏ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲနှင့် အလှူငွေပေးအပ်ပွဲ]
- ၅း၀၅ မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ဆောက်လုပ်ပေးခဲ့သည့် မြစ်ဝကျွန်းပေါ်ဒေသ စာသင်ကျောင်းများ
- ၅း၃၅ အနုပညာမိုးကောင်းကင်
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ HIPHOP ACOUSTICS ကြိုတင်ပြင်ဆင်နေမှုများ
- ၆း၃၅ ခေတ္တရာဟသ်ာဆန်စပါးအထူးပြုကုမ္ပဏီလီမိတက်မှ တောင်သူများအား စိုက်ပျိုးစရိတ်နှင့် သွင်းအားစုများ ပေးအပ်ပွဲအခမ်းအနား
- ၆း၅၀ ရန်ကုန်မြင်ကွင်းကျယ် (ABBN-Pre School မိတ်ဆက်ပွဲ)
- ၇း၀၀ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် ရန်ပုံငွေတေးဂီတဖျော်ဖြေပွဲ (အပိုင်း-၅)(Rဇာနည်၊ ထွန်းအိန္ဒြာဗို)
- ၇း၄၅ ရန်ကုန်မြင်ကွင်းကျယ် (BDS စုပေါင်းဝါဆိုသင်္ကန်းကပ်လှူပွဲ)
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ ဂီတသရုပ်ပြခန်း (သဲနုဝါ-အဓိပတိလမ်းမှာမိုးတွေရွာ)
- ၈း၅၅ အနုပညာမိုးကောင်းကင်
- ၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ပြောင်းလဲမရတဲ့အချစ်” (အပိုင်း-၆၈)**
- ၁၀း၀၀ The Champion of Dance
- ၁၀း၂၅ မျှော်လင့်ခြင်းခရီးစဉ် ဖြစ်ရပ်မှန်(၈) (ဘက်ပေါင်းစုံမှ ပြုစုကုသစောင့်ရှောက်ခြင်း)
- ၁၀း၅၀ Sports World
- ၁၁း၁၅ ဈေးဝယ်လမ်းညွှန် (aroma Fashion Square)
- ၁၁း၃၅ မွေးကင်းစကလေးပြုစုစောင့်ရှောက်ရေး (ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာအေးအေးသိန်း၊ ခိုင်သင်းကြည်)
- ၁၂း၁၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၁း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

အင်တာနက်သတင်းများ

ဟီရိုရှီးမားနှင့် နာဂါဆာကီမြို့များ အဏုမြူပုံးကြဲချခံခဲ့ရမှု အောက်မေ့ဖွယ်အခမ်းအနား ကုလအတွင်းရေးမှူးချုပ် တက်ရောက်မည်

ဟီရိုရှီးမား ဩဂုတ် ၄

ဟီရိုရှီးမားနှင့် နာဂါဆာကီမြို့ကြီးနှစ်မြို့ကို အမေရိကန်နိုင်ငံက အဏုမြူပုံးကြဲချ ဖျက်ဆီးခဲ့သည့် (၆၅)နှစ်မြောက် အောက်မေ့ဖွယ် အခမ်းအနားသို့ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းနှင့် ဂျပန်ဝန်ကြီးချုပ် နာအိုတိုကန်တို့ တက်ရောက်ကြမည်ဖြစ်ကြောင်း ဩဂုတ် ၄ ရက် သတင်းများတွင် ဖော်ပြသည်။

ဒုတိယကမ္ဘာစစ်ပြီးဆုံးခါနီးကာလ ၁၉၄၅ ခုနှစ် ဩဂုတ် ၆ ရက်နှင့် ၉ ရက်တို့တွင် ဟီရိုရှီးမားနှင့် နာဂါဆာကီမြို့ကြီးနှစ်မြို့ကို အမေရိကန်လေတပ်က အဏုမြူပုံးများကြဲချခဲ့ရာ လူပေါင်း နှစ်သိန်းကျော် အသက်ဆုံးရှုံးခဲ့ရသည်။

နျူကလီးယားအဖြစ်ဆိုး အောက်မေ့ဖွယ်အခမ်းအနားများကို ဟီရိုရှီးမားမြို့တွင် ဩဂုတ် ၆ ရက်နှင့် နာဂါဆာကီမြို့တွင် ဩဂုတ် ၉ရက်တို့၌ အသီးသီး ကျင်းပမည်ဖြစ်ပြီး ဘန်ကီမွန်းသည် ယင်းအခမ်းအနားများသို့ ပထမဆုံးတက်ရောက်မည့် ကုသမဂ္ဂ အတွင်းရေးမှူးချုပ် ဖြစ်လာမည်ဖြစ်သည်။

အမေရိကန်နိုင်ငံသည် ယင်းအခမ်းအနားများသို့ ပထမဆုံးအကြိမ်အဖြစ်တက်ရောက်ရန် ကိုယ်စားလှယ်တစ်ဦးကို ရွေးချယ်စေလွှတ်ခဲ့ကြောင်း သိရသည်။ ဟီရိုရှီးမားမြို့တော်ဝန်က အမေရိကန်၏ နျူကလီးယားထီးရိပ်ကို စွန့်ခွာရန် ဂျပန်အစိုးရကို ဩဂုတ် ၆ရက်တွင် တိုက်တွန်းပြောကြားမည်ဖြစ်ကြောင်း ပြောကြားသည်

အင်တာနက်။



၁၉၄၅ခုနှစ် ဩဂုတ် ၆ရက်တွင် အဏုမြူပုံးကြဲချခံရမှုကြောင့် ပြာပုံအတိဖြစ်ခဲ့ရသော ဟီရိုရှီးမားမြို့မှ အသက်ရှင် ကျန်ရစ်သူ ကလေးတစ်ဦးကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ပီရူးနိုင်ငံတွင် ပလိပ်ရောဂါဖြစ်ပွားလျက်ရှိ ၃၁ ဦးရောဂါကူးစက်ခံခဲ့ရပြီး တစ်ဦးသေဆုံး

လီမာ ဩဂုတ် ၄

ပီရူးနိုင်ငံမြောက်ပိုင်း အက်စ်ကော့ပ်ပြည်နယ်၌ ပလိပ်ရောဂါဖြစ်ပွားရာ အသက်(၁၄)နှစ်အရွယ် ကလေးတစ်ဦး သေဆုံး၍ အနည်းဆုံး လူ ၃၁ ဦးခန့် ရောဂါကူးစက်မှုခံခဲ့ရကြောင်း ဩဂုတ် ၂ရက် သတင်းများတွင် ဖော်ပြသည်။

ပီရူးအာဏာပိုင်များသည် အက်စ်ကော့ပ်ပြည်နယ်မှ တင်ပို့သော သကြားနှင့် ငါးများကို စစ်ဆေးမှုများ ပြုလုပ်နေကြောင်း ပီရူးကျန်းမာရေးဝန်ကြီးက ပြောကြားသည်။ အက်စ်ကော့ပ်ပြည်နယ်သည် ပီရူးနိုင်ငံ၏ မြို့တော် လီမာမှ ၃၂၅ မိုင်ခန့်အကွာတွင် တည်ရှိသည်။

ပိုးမွှားများကိုက်ခဲမှုမှ တစ်ဆင့် ကူးစက်သော အကျိတ်ပလိပ်ရောဂါသည် အများဆုံး ကူးစက်ခဲ့ပြီး အဆုတ် ပလိပ်ရောဂါကူးစက်ခံရသူ လေးဦးပါဝင်ကြောင်း ပီရူးကျန်းမာရေးဝန်ကြီးဌာနက သတင်း ထုတ်ပြန်သည်။

ယင်းပလိပ်ရောဂါများသည် ပဋိဇီဝဆေးဝါးများနှင့် အချိန်မီကုသနိုင်ပါက ပျောက်ကင်းနိုင်ကြောင်း သတင်းတွင် ဖော်ပြသည်။ ပီရူးနိုင်ငံ၌ ပလိပ်ရောဂါ ပထမဆုံးဖြစ်ပွားခဲ့သည်မှာ ၁၉၀၃ ခုနှစ်ကဖြစ်ပြီး နောက်ဆုံးဖြစ်ပွားခဲ့သော ၁၉၉၄ခုနှစ် ပလိပ်ရောဂါကူးစက်ပျံ့နှံ့မှုတွင် ၃၅ ဦး သေဆုံးခဲ့ရသည်။

အင်တာနက်။

ဟော်မုဇ်ရေလက်ကြားအတွင်း ဂျပန်ရေနံတင်သင်္ဘောကို ဗုံးခွဲတိုက်ခိုက်ခဲ့ကြောင်း အယ်လ်ခိုင်ဒါအဖွဲ့နှင့် ဆက်နွှယ်သည့် အကြမ်းဖက်အုပ်စုကပြောကြား

ဝါရှင်တန် ဩဂုတ် ၄

ဇူလိုင် ၂ ရက်က ပါရှန်ပင်လယ်ကွေ့ ဟော်မုဇ်ရေလက်ကြားအတွင်း ခုတ်မောင်းနေသော ဂျပန်ရေနံတင်သင်္ဘောအမ်စတားကို အသေခံဗုံးခွဲသမားတစ်ဦးက ဗုံးခွဲတိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း အယ်လ်ခိုင်ဒါနှင့် ဆက်နွှယ်ဖွယ်ရှိသည့် စစ်သွေးကြွအုပ်စုတစ်စု၏အဆိုကို ကိုးကား၍ ဩဂုတ် ၄ ရက်သတင်းများတွင် ဖော်ပြသည်။

အဗ္ဗဒူလာအက်ဇမ်တပ်ဖွဲ့အမည်ရှိ စစ်သွေးကြွအဖွဲ့သည်အရွတ်အယ်လ်တိုင်ရှန်အမည်ရှိ အသေခံဗုံးခွဲသမားတစ်ဦးကို အမ်စတား ရေနံတင်သင်္ဘော၏ ခရီးစဉ်တွင် လိုက်ပါ၍ အသေခံဗုံးခွဲတိုက်ခိုက်မှုလုပ်ဆောင်ရန် ညွှန်ကြားခဲ့ကြောင်း အမေရိကန်ပြည်ထောင်စု မေရီလန်းပြည်နယ်အခြေစိုက် အကြမ်းဖက်မှုစောင့်ကြည့်ရေးအဖွဲ့က ပြောကြားသည်။ အမေရိကန်နိုင်ငံ နယူးယောက်မြို့ရှိ ကမ္ဘာ့ကုန်သွယ်ရေးဗဟိုဌာန အဆောက်အအုံကို ၁၉၉၃ခုနှစ်က ဗုံးခွဲတိုက်ခိုက်မှုကြောင့် အဖမ်းခံခဲ့ရသော အီဂျစ်နိုင်ငံသား အိုမာအဗ္ဗဒူရာမင်းအတွက် ဂျပန်ရေနံတင်သင်္ဘောကို အသေခံဗုံးခွဲတိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း အစွန်းရောက် စစ်သွေးကြွများအသုံးပြုသည့် အင်တာနက်စာမျက်နှာတွင် ဖော်ပြထားသည်ဟုဆိုသည်။ ယင်းအပြင် အာရပ်မြေပေါ်မှ သဘာဝ အရင်းအမြစ်များကို ထုတ်ယူနေသော နိုင်ငံခြားတိုင်းပြည်တို့၏ ခြေလှမ်း ချည့်နဲ့အားနည်းသွားစေရန် အဆိုပါ ဗုံးခွဲတိုက်ခိုက်မှုကို လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း အဗ္ဗဒူလာအက်ဇမ်တပ်ဖွဲ့က ပြောကြားခဲ့သည် ဆိုသည်။ အမ်စတားရေနံတင်သင်္ဘောကြီးသည် တိုက်ခိုက်မှုတစ်ရပ်ရပ်နှင့် ကြုံခဲ့ရခြင်းဖြစ်ကြောင်း ယင်းသင်္ဘောကိုပိုင်ဆိုင်သော မစ်ဆူအီကုမ္ပဏီက ရှေးဦးမဆွကပင် ပြောကြားခဲ့ပြီးဖြစ်သည်။

အင်တာနက်။

တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ ဖွင့်ပွဲအခမ်းအနားတက်ရောက်

ရန်ကုန် ဩဂုတ် ၄

ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် လမ်းမတော်မြို့နယ် သူနာပြုတက္ကသိုလ်ခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့် တက်ရောက်သည်။

အဆိုပါအခမ်းအနားသို့ ရန်ကုန်တိုင်း ကျန်းမာရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တိုင်းအဆင့်ဌာနဆိုင်ရာများ၊ မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူးများနှင့် အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူတို့က အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ လှုပ်ရှားမှုအထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိကြသူများနှင့် အာဟာရဗဟုသုတပြိုင်ပွဲတွင် ဆုရရှိကြသူများအား ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် တိုင်းကျန်းမာရေးဦးစီးဌာနမှူးက ဩဂုတ်လအတွင်း ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်ကို ရှင်းလင်းတင်ပြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် တိုင်းမှူးနှင့် ဧည့်သည်တော်များသည် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ လှုပ်ရှားမှု အထိမ်းအမှတ်ပြခန်းငယ်ကို ကြည့်ရှုကြသည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူတို့သည် အိုင်အိုဒင်းဆား အရည်အသွေးစစ်ဆေးနေမှုကို လည်းကောင်း၊ ကလေးများအား အင်အားပြည့် ဗီတာမင်အေတိုက်ကျွေးပြီး ကိုယ်ဝန်ဆောင်မိခင်နှင့် နို့တိုက်မိခင်များအား သံဓာတ်ဆေးပြားနှင့် ဗီတာမင်ဘီဝမ်းဆေးပြားများ ပေးဝေကြကာ လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

တိုက်ကျွေး

ရန် ကုန် တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့် ကမ္ဘာ့မိခင်နို့ တိုက်ကျွေးရေး ရက် သ တ္တ ပတ် နှင့် အာဟာရ ဖွံ့ဖြိုး ရေး ရက်သတ္တပတ်များ ဖွင့် ပွဲ တွင် ကလေးများအား အင် အား ပြည့် ဗီ တာ မင် အေ တိုက်ကျွေးစဉ်။

(သတင်းစဉ်)

ရန်ကုန်မြို့ သန့်ရှင်းသာယာလှပရေးနှင့် အဆင့်မြှင့်တင်ရေး အသိပညာပေး ဟောပြောပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၄

ရန်ကုန်မြို့ သန့်ရှင်းသာယာလှပရေးနှင့် အဆင့်မြှင့်တင်ရေး ဦးစီးကော်မတီပညာပေးရေး၊ စည်းရုံးလှုံ့ဆော်ရေးလုပ်ငန်းကော်မတီနှင့် အမှတ်(၃) အခြေခံပညာဦးစီးဌာနတို့၏ ညှိနှိုင်းစီစဉ်ဆောင်ရွက်မှုဖြင့် ကျောင်းသား၊ ကျောင်းသူများအတွက် ရန်ကုန်မြို့ သန့်ရှင်းသာယာလှပရေးနှင့် အဆင့်မြှင့်တင်ရေး အသိပညာပေး ဟောပြောပွဲကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ လှိုင်မြို့နယ် အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်း ပုလဲရတနာခန်းမ၌ ကျင်းပသည်။

ကျောင်းသား၊ ကျောင်းသူများအတွက် ရန်ကုန်မြို့ သန့်ရှင်းသာယာလှပရေးနှင့် အဆင့်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲကို ရန်ကုန်မြို့ လှိုင်မြို့နယ် အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်း ပုလဲရတနာခန်းမ၌ ကျင်းပရာ ရုပ်ရှင်သရုပ်ဆောင် ကောင်းခန့်နှင့် နန်းဆုရတီစိုးတို့ ဟောပြောကြစဉ်။

(သတင်းစဉ်)

ဟောပြော

ဟောပြောပွဲတွင် ရုပ်ရှင်သရုပ်ဆောင် ကောင်းခန့်နှင့် နန်းဆုရတီစိုးတို့က "မြို့တော် သန့်ရှင်းသာယာလှပရေးနှင့် အဆင့်မြှင့်တင်ရေးအတွက် ကျောင်းသားလူငယ်များ ငယ်စဉ်ကပင် သန့်ရှင်းရေး၊ စည်းကမ်းရှိရေး" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်း ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှ ဒုတိယရဲမှူးမြင့်အောင်က "ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းလိုက်နာရေး" ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောကြသည်။

ဖြန့်ဝေ

ယင်းနောက် ပညာပေးရေး၊ စည်းရုံးလှုံ့ဆော်ရေး လုပ်ငန်းကော်မတီက ကျောင်းသား၊ ကျောင်းသူများအား ပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးကြသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံဆရာဝန်အသင်း ဇီဝကမ္မဗေဒနှင့် ဇီဝဓာတုဗေဒအသင်းခွဲ ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၄

မြန်မာနိုင်ငံဆရာဝန်အသင်း ဇီဝကမ္မဗေဒနှင့် ဇီဝဓာတုဗေဒအသင်းခွဲမှ Survival of the Fittest: Adaptation ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးပွဲကို ဩဂုတ် ၈ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံဆရာဝန်အသင်း အဆောက်အအုံ Auditorium A ၌ ကျင်းပမည်ဖြစ်ရာ အဆိုပါဟောပြောပွဲတွင် မိုးလေဝသနှင့် ဇလဗေဒပညာရှင် ဒေါက်တာဦးထွန်းလွင်က လာနီညာရာသီဥတုဖြစ်ပေါ်လာနိုင်ခြေသုံးသပ်ချက်ကိုလည်းကောင်း၊ ဆေးတက္ကသိုလ်(၁) ဇီဝကမ္မဗေဒဌာနမှ ပါမောက္ခ ဒေါက်တာမြတ်သန္တာက ရာသီဥတုပြောင်းလဲမှုကိုလိုက်၍ ဇီဝကမ္မဆိုင်ရာ ပြောင်းလဲမှုများနှင့် လိုက်လျောညီထွေ နေထိုင်ခြင်းအကြောင်းကိုလည်းကောင်း၊ ရန်ကုန်တက္ကသိုလ် စိတ်ပညာဌာနမှ အငြိမ်းစားပါမောက္ခ ဒေါ်ခင်အေးဝင်းက ခေတ်၏ပြောင်းလဲမှုကိုလိုက်၍ လူတို့၏စိတ်ဓာတ် ရင့်ကျက်မှုနှင့် လူမှုရေးစံခံယူချက်များ ပြောင်းလဲလာမှုအကြောင်းကိုလည်းကောင်း၊ ဆေးတက္ကသိုလ်(၁) စိတ်ရောဂါကုပညာဌာနမှ ပါမောက္ခ ဦးခင်မောင်ကြီးက ဖိစီးမှုများနှင့် မည်သို့ရင်ဆိုင်ဖြေရှင်းသင့်သည်များကိုလည်းကောင်း အသီးသီး ဟောပြောဆွေးနွေးကြမည်ဖြစ်သည်။

စုံစမ်းနိုင်

စိတ်ပါဝင်စားသူများသည် ဆေးတက္ကသိုလ်(၁)၊ ဆေးတက္ကသိုလ်(၂)နှင့် တပ်မတော်ဆေးတက္ကသိုလ်တို့ရှိ ဇီဝကမ္မဗေဒဌာနနှင့် ဇီဝဓာတုဗေဒဌာနများသို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း Information Security ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၄

သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းက ကြီးမှူး၍ မျက်မှောက်ခေတ် ICT/Internet နည်းပညာရပ်များ၏နောက်ကွယ်ရှိ သတင်းအချက်အလက်ပိုင်းဆိုင်ရာ လုံခြုံရေးစနစ်များ၊ Cyber Threatsများ၊ ကွန်ပျူတာ၊ အင်တာနက် အသုံးပြုသူတိုင်း သိသင့်သိထိုက်သော Fundamental Security Concepts များအကြောင်း၊ နည်းပညာရပ်များကို အခြေခံသော မတူညီသော Cyber နှောင့်ယှက်မှုများ၊ ကာကွယ်ရေးစနစ်များ အကြောင်းတို့ကို အပြန်အလှန် ဆွေးနွေးနိုင်ရန် ရည်ရွယ်၍ ဩဂုတ် ၇ ရက် (စနေနေ့) မွန်းလွဲ ၂ နာရီမှ ၅ နာရီအထိ ရန်ကုန်မြို့ လှိုင်မြို့နယ် မြန်မာအင်ဖိုတက်ခ် ပင်မဆောင်ရှိ အခန်း (၂၀၅) ၌ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းမှ အလုပ်အမှုဆောင်များ ဖြစ်ကြသည့် ဦးဇော်ဝင်းထွန်း၊ ဦးအောင်ဇော်မြင့်နှင့် ဦးရဲကျော်သိန်းတို့က "Information Security " ခေါင်းစဉ်ဖြင့် ရှင်းလင်းဟောပြောကြမည်ဖြစ်သည်။

ဆွေးနွေးဟောပြောပွဲသို့ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း အသင်းဝင်များ၊ ကွန်ပျူတာပညာရပ် အထူးပြုကျောင်းသား၊ ကျောင်းသူများ၊ ရုံးလုပ်ငန်းများတွင် သတင်းအချက်အလက်နှင့် ကွန်ရက်လုံခြုံရေး လုပ်ဆောင်နေရသော Network Admin များ၊ Network နှင့် Information Security ကို စိတ်ပါဝင်စားသူ မည်သူမဆို (အခမဲ့) တက်ရောက်ဆွေးနွေးနိုင်သည်။ အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းရုံးခန်း အဆောင်(၄) အခန်း(၄) ဖုန်း -၆၅၂၂၇၆ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

အများပြည်သူသိရှိရန် အသိပေးနှိုးဆော်ချက်

ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ်အန္တရာယ်ကင်းရှင်းကာ အကျိုးအာနိသင်ရှိသော ဆေးဝါးများကို အများပြည်သူတို့ သုံးစွဲနိုင်ရန် စနစ်တကျ ကွပ်ကဲကြပ်မတ်လျက်ရှိသည်။

အောက်ဖော်ပြပါဆေးများမှာ မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်း(မရှိ)သော ဆေးဝါးများဖြစ်ကြောင်းနှင့် ဆေးဝါးများမှာ အရည်အသွေးအာမခံချက်မရှိကြောင်း အသိပေးအပ်ပါသည်။

စဉ်	ဆေးအမည်	ထုတ်လုပ်သည့်ကုမ္ပဏီ
၁။	SSI Vervit C Tablet (Ascorbic Acid (VitaminC)BP 100mg	Silver Shine International Co.,Ltd. Myanmar
၂။	Paracetamol 5oomg Tablet (SAY အမှတ်တံဆိပ်)	မဖော်ပြထားပါ။
၃။	Paragesic Tablet (Paracetamol B.P 500mg)	Silver Shine International Co.,Ltd. Myanmar
၄။	Chlorphenircmine Maleate 4mgTablet (CPအမှတ်တံဆိပ်)	Credit Co.,Ltd. Myanmar
၅။	Sex Men Capsule (100% natural Product) (3800mg x 8pils) (MMC အမှတ်တံဆိပ်)	Healthiforte Co.,Ltd. (Country of Origin မဖော်ပြထားပါ။)
၆။	Gucosamine multi Extract Softgel Capsule	Samy Technological Vitality (Country of Origin မဖော်ပြထားပါ။)

အများပြည်သူတို့အနေဖြင့် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများကို ဝယ်ယူသုံးစွဲခြင်းမပြုကြရန်နှင့် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသော ဆေးဝါးများကိုသာ ဝယ်ယူသုံးစွဲရန် နှိုးဆော်အပ်ပါသည်။

ဆေးဝါးတင်သွင်းဖြန့်ဖြူးသည့် ကုမ္ပဏီ၊ ဆေးဝါးရောင်းချသည့်ဆေးဆိုင်များသည် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများ၊ ဆေးဝါးအတု၊ စံမညီဆေးဝါးများ တင်သွင်းဖြန့်ဖြူးရောင်းချခြင်း လုံးဝမပြုရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းက အမျိုးသားဆေးဝါးဥပဒေ ပုဒ်မ(၁၈)အရ တရားစွဲဆိုအရေးယူမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၅-၈-၂၀၁၀ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ အင်္ဂဇယမင်္ဂလံ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
- ၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈း၀၀ ၆။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၈း၁၀ ၇။ အဆိုပြိုင်ပွဲ
- ၈း၂၀ ၈။ အကပဒေသာ
- ၈း၃၀ ၉။ "စီးဆင်းပါစေမေတ္တာရေ"
- ၈း၄၀ ၁၀။ International News
- ၈း၄၅ ၁၁။ တေးဂီတအစီအစဉ်
- ၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၄း၂၀ ၃။ အတီးပြိုင်ပွဲ
- ၄း၃၅ ၄။ "ငါးရစ်မျိုးငါးတို့မစား"
- ၄း၄၅ ၅။ တေးဂီတအစီအစဉ်
- ၅း၀၀ ၆။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ -ပထမနှစ်(မြန်မာမှုအထူးပြု) (မြန်မာမှုပညာ)
- ၅း၁၅ ၇။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၅း၂၀ ၈။ မူဟန်သွယ်သွယ်ဆိုကြမယ်
- ၅း၃၅ ၉။ "နှစ်စဉ်နွဲပျော် ဝါဆိုခြင်းပွဲတော်"
- ၆း၀၀ ၁၀။ ညနေခင်းသတင်း
- ၆း၁၅ ၁၁။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၂။ ပျော်ရွှင်စေသောနေ့ရက်များ "ချစ်သူကော်ဖီ" (အပိုင်း-၁၇) (ငြိမ်းချမ်း၊ သူရလင်း၊ နန်းဆုရတီစိုး၊ ယုဇနဗိုလ်မြင့်) (ဒါရိုက်တာ-အောင်ကျော်သူရ)
- ၆း၄၀ ၁၃။ ထူးဆန်းထွေလာများကို သိပ္ပံဖြင့်ချဉ်းကပ်ခြင်း
- ၇း၀၀ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ဆူးလွှမ်းသောချစ်နှင်းဆီ" (ဒုတိယတွဲ) (အပိုင်း-၂၂)**
- ၈း၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ တို့အိမ်ကလေး (နေရဲမာန်၊ တေးရေး-OVATIONအဖွဲ့)
- ၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်သူ့နယ်နိမိတ်" (ပထမတွဲ) (အပိုင်း-၉)**
- ၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်တေးသံသာ" (အပိုင်း-၆၆)**
- ၂၁။ အစီအစဉ်ပြီး၏။

မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနား တိုင်းမှူး ဗိုလ်ချုပ်ရာပြည့် တက်ရောက်

နေပြည်တော် ဩဂုတ် ၄

ရပ်စောက်မြို့ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ဇူလိုင် ၂၈ ရက် နံနက်ပိုင်းတွင်ကျင်းပရာ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရာပြည့်၊ တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဗထူးတပ်နယ်မှ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်၊ မိသားစုဝင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားပြီး ပျိုးပင်များကို ပေးအပ်ရာ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက လက်ခံကြသည်။

ထို့နောက် တိုင်းမှူးက ခါတော်မီပင်ကို စတင်စိုက်ပျိုးပေးပြီး တာဝန်ရှိသူများနှင့် အခမ်းအနား တက်ရောက်လာကြသူများက ပျိုးပင်များကို စုပေါင်းစိုက်ပျိုးပေးကြသည်။

ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုများကို လှည့်လည်ကြည့်ရှုအားပေးကြပြီး အခမ်းအနားတက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ဆက်လက်၍ တိုင်းမှူးသည် ရပ်စောက်မြို့ သုခကာရီဘိုးဘွားရိပ်သာသို့ ရောက်ရှိပြီး ရိပ်သာအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ရပ်စောက်မြို့ ရေကြည်ချောင်းတံတား၌ ချောင်းကမ်းဘေးဝဲ၊ယာ မြေထိန်းနံရံများ ဆောက်လုပ်ထားရှိမှုနှင့် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို လည်းကောင်း၊ ဗထူးတပ်နယ် နှစ်ရှည်သီးနှံစိုက်ခင်း၌ နှစ်ရှည်သီးနှံပင်များ စိုက်ပျိုးထားရှိမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်း မှာကြားသည်။

တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ဇူလိုင် ၂၉ ရက်တွင် တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်း မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပသည့် တိုင်းမှူး တံခွန်စိုက်ဒိုင်းပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်း အခမ်းအနားသို့ တက်ရောက်၍ ဗိုလ်လုပွဲစဉ်ကို ကြည့်ရှုအားပေးသည်။

ယင်းနောက် တာဝန်ရှိသူများက ဆုရရှိကြသည့် အသင်းများအား တစ်ဦးချင်းဆုများပေးအပ်ချီးမြှင့်ကြပြီး တိုင်းမှူးက ပထမရရှိသည့် အသင်းအား တံခွန်စိုက်ဒိုင်းဆုကြီးကို ပေးအပ်ချီးမြှင့်ကာ ဒိုင်အဖွဲ့များအတွက် ဂုဏ်ပြုဆုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၅-၈-၂၀၁၀ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	တရားတော်
၇း၁၅	၃။	အရှင်ဇနကာဘိဝံသ ထေရုပ္ပတ္တိ - စည်းမျဉ်း(၁၀)ချက် မဟာဂန္ဓာရုံအသက်
၇း၂၅	၄။	ခမ္မပူဇာတေး
၇း၃၅	၅။	မျိုးချစ်တပ်မတော်
၇း၄၀	၆။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၄၅	၇။	မြန်မာသံစဉ်ချိုနားဝင်
၇း၅၀	၈။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၉။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၁။	အမျိုးသားရေးတေးကဗျာ
၈း၁၅	၁၂။	အပိတ်နှုတ်ဆက်စကား
၈း၁၆	၁၃။	ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၃၀	၃။	မျိုးချစ်တပ်မတော်
၄း၄၀	၄။	အမျိုးသားရေးတေးကဗျာ
၄း၄၅	၅။	မွေးမြူသုတ
၄း၅၅	၆။	မြန်မာသံစဉ်ချိုနားဝင်
၅း၀၀	၇။	တိုင်းကျိုးပြည်ပြု တည်ထောင်မှု
၅း၃၀	၈။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၅	၁၀။	အမျိုးသားရေးတေးကဗျာ
၆း၂၀	၁၁။	လျှပ်တစ်ပြက်ရိုက်ချက်
၆း၃၀	၁၂။	ထူးဆန်းထွေလာ မျက်လှည့်ပညာ
၆း၄၅	၁၃။	ကာတွန်းအစီအစဉ် - စွန့်စားသူတို့ပျော်စံရာ (အပိုင်း-၃၆)
၇း၀၀	၁၄။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -လေဟုန်ခွင်းတဲ့သူရဲကောင်း (အပိုင်း-၃၇)**
၈း၀၀	၁၅။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။	နိုင်ငံတကာသတင်း
	၁၇။	မိုးလေဝသသတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	အနုပညာရှင်၏ တစ်နေ့တာ
	၂၀။	ကုန်သွယ်သုတ
	၂၁။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၂။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ခေတ်တစ်ခေတ်ရဲ့သူရဲကောင်း (အပိုင်း-၆၈)**
	၂၃။	သင့်အတွက်မနက်ဖြန်
	၂၄။	အပိတ်နှုတ်ဆက်စကား
	၂၅။	ပြီးပါပြီ။

မန္တလေးမြို့၌ ဆေးရုံများ၊ သွေးလှူဘဏ်နှင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲမှုဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၄

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာမြဦးသည် ဇူလိုင် ၃၀ ရက် မွန်းလွဲပိုင်းတွင် တာဝန်ရှိသူများ လိုက်ပါလျက် ကူးစက်ရောဂါကုဆေးရုံ (မန္တလေး)သို့ ရောက်ရှိပြီး ဆေးရုံ၏ ပြင်ပလူနာကုဌာန၊ လူနာဆောင်များနှင့် ဆေးသိုလှောင်ခန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး အစည်းအဝေးခန်းမ၌ တာဝန်ခံဆရာဝန်၊ သူနာပြုများနှင့် ကျန်းမာရေးဝန်ထမ်းများအား တွေ့ဆုံ၍ ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် ကူးစက်ရောဂါများ ကာကွယ်တားဆီးနိုင်ရေးအတွက် ရွာတိုင်းတွင် သန့်ရှင်းသော သောက်သုံးရေရရှိရေး၊ အိမ်တိုင်းယင်လုံအိမ်သာအသုံးပြုရေးနှင့် လူတိုင်းလက်ဆေးသည့် အလေ့အကျင့်ကောင်းများ တည်ဆောက်ရေးတို့ကို အလေးထားဆောင်ရွက်ရန် မှာကြားကာ လိုအပ်သည်များ ဖြည့်ဆည်းပေးခဲ့သည်။

ထို့နောက် မန္တလေးပြည်သူ့ဆေးရုံကြီး၏ အမျိုးသားသွေးလှူဘဏ်သို့ ရောက်ရှိပြီး သွေးလက်ခံ စုဆောင်းမှုအခြေအနေ၊ သွေးသိုလှောင်ထားရှိမှုနှင့် ဖြန့်ဖြူးမှုအခြေအနေနှင့် သင်တန်းပို့ချနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး အစာအိမ်နှင့် အူလမ်းကြောင်းအထူးကုဌာနနှင့် သွေးရောဂါအထူးကုဌာနများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။

ဒုတိယဝန်ကြီးသည် ဇူလိုင် ၃၁ ရက် နံနက်ပိုင်းတွင် အရိုးရောဂါ အထူးကုဆေးရုံကြီး (မန္တလေး)သို့ ရောက်ရှိပြီး ဆေးရုံ အစည်းအဝေးခန်းမ၌ အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ သူနာပြုများနှင့် ဝန်ထမ်းများအား တွေ့ဆုံ၍ လူနာများ ဘေးအန္တရာယ် ကင်းရှင်းရေးကို အလေးထားဆောင်ရွက်ရန်နှင့် ဆေးပညာသင်ကြားရေးတွင် လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို မှာကြားခဲ့သည်။

ထို့နောက် ဆေးရုံ၏ လူနာဆောင်များ၊ အထူးကြပ်မတ်ကုသဆောင်၊ ခွဲစိတ်ဆောင်နှင့် ဓာတ်မှန်ခန်းတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ကြည့်ရှုစစ်ဆေး

ကျန်းမာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ မြဦး အရိုးရောဂါ အထူးကု ဆေးရုံကြီး (မန္တလေး) ၌ ကြည့်ရှု စစ်ဆေး စဉ်။ (သတင်းစဉ်)

ဖြည့်ဆည်းပေး

ဆက်လက်၍ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲမှုဌာန (မန္တလေး)နှင့် ပြည်သူ့ကျန်းမာရေး ဓာတ်ခွဲမှုဌာန (မန္တလေး)သို့ ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ ဆရာဝန်များ၊ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ဓာတ်ခွဲခန်းများအတွင်း အသေးစိတ်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။

ထိုမှတစ်ဆင့် ဒုတိယ ဝန်ကြီးသည် ပလိပ်ရောဂါသီးသန့်အဖွဲ့ (မန္တလေး)သို့ ရောက်ရှိပြီး ကူးစက်မြန်ရောဂါများ ကာကွယ်တိုက်ဖျက်ရေး လုပ်ငန်းစဉ်များနှင့် ဌာနအဆင့်မြှင့်တင်ရေးအတွက် ဆောင်ရွက်ရန်လုပ်ငန်းများကို မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းပေးကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မသန်စွမ်းသူများအတွက် ဖွဲ့စည်းတည်ထောင်ထားသော ရွှေမင်းသားဖောင်ဒေးရှင်း (မြန်မာ)သို့ ရန်ကုန်မြို့ တပင်ရွှေထီးလမ်း ကျောက်ကုန်းနေ ဦးခင်မောင်ညွန့်-ဒေါ်ရွှယ်ဂျီးနှင့် သမီး မလင်းပွင့်အောင်တို့က အလှူငွေကျပ်သုံးသိန်းကို လမ်းမတော်မြို့နယ် မြန်မာ့အလှတာဝါ(၂)ရှိ ဖောင်ဒေးရှင်းရုံးခန်းသို့ ပေးအပ်လှူဒါန်းရာ ရွှေမင်းသားဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးမြတ်သူဝင်း လက်ခံစဉ်။ (ကြေးမုံ)

ဟတ်ထိတယ်ဇာတ်ကား ဆက်လက်ပြသနေ

ရန်ကုန် ဩဂုတ် ၄

ယခု သောကြာပတ် ဩဂုတ် ၆ရက်တွင် ရန်ကုန်မြို့လယ်ရုပ်ရှင်ရုံများ၌ ပြသဆဲဖြစ်သော မြန်မာဇာတ်ကားသစ် **ဟတ်ထိတယ်** ဇာတ်ကား ဆက်လက်ပြသမည်ဖြစ်သည်။

ဤဇာတ်ကားကို ဒါရိုက်တာ ညွန့်မြန်မာညီညီအောင်နှင့် တွဲဖက်ဒါရိုက်တာ ဆဲဗင်းဒေးတို့က တာဝန်ယူရိုက်ကူးထားခြင်းဖြစ်ပြီး ဇာတ်လမ်းမှာ ချစ်သူဘဝ ရောက်ခဲ့ကြသော်လည်း အခြေအနေ မပေးခဲ့၍ အိမ်ထောင်ရှင် ဘဝသို့တိုင် မရောက်ခဲ့ရသည့် ငယ်ချစ်ဦးနှစ်ယောက် သားသမီးများရသည့်အချိန်မှ ပြန်လည်ဆုံတွေ့ကြရာတွင် ငယ်ကအချစ်အနှစ်တစ်ရာမမေ့သော ဆိုသည့်စကားပုံအတိုင်း မထင်မှတ်သော အကြောင်းတရားများ ဖြစ်ပေါ်လာရပုံကို ဒါရိုက်တာက လက်စွမ်းပြရိုက်ကူးထားသည့် ဟာသဇာတ်ကားတစ်ကားဖြစ်သည်။ ရန်အောင်၊ ရဲအောင်၊ သူထူးစံ၊ မိုးအောင်ရင်၊ မို့မို့မြင့်အောင်၊ စိုးမြတ်သူဇာ၊ အိန္ဒြာကျော်ဇင်နှင့် သင်ဇာဝင့်ကျော်တို့ ခေါင်းဆောင်ပါဝင်ကြပြီး ရဲအောင်၊ ပြေတီဦး၊ နန္ဒ၊ စိုးမြတ်သူဇာ၊ အိန္ဒြာကျော်ဇင်နှင့် သက်မွန်မြင့်တို့ ပါဝင်သော **နတ်ဖက်တဲ့စုံတွဲများ** မြန်မာဟာသဇာတ်ကားမှာမူ မြို့လယ်ဝဇီရာ၊ လှိုင်သာယာ ဝဇီရာ(၂)၊ မြရတနာ (မြောက်ဒဂုံ)၊ ရွှေရတနာရုံများတွင် ပြသမည်ဖြစ်သည်။

ဟတ်ထိတယ်ဇာတ်ကားသစ်မှ သူထူးစံနှင့် အိန္ဒြာကျော်ဇင်တို့၏ သရုပ်ဆောင်ဟန်။

နိုင်ငံခြားရုပ်ရှင်

နေပြည်တော်ရုံတွင် THE A-TEAM စွန့်စားမှုအသားပေးဇာတ်ကြမ်းကား ပြသမည်ဖြစ်သည်။ အီရတ်နိုင်ငံတွင် အမေရိကန်ဒေါ်လာ အတုလုပ်သည့် ဂိုဏ်းအား A-TEAM အဖွဲ့က ဖမ်းဆီးချေမှုန်းနိုင်ရန်ကြိုးစားသည်ကို ဇာတ်လမ်းဖွဲ့ ရိုက်ကူးထားခြင်းဖြစ်သည်။ ရှေ့ဆောင်ရုံတွင်မူ နှမဖြစ်သူအတွက် ကလဲ့စားချေလိုသူ လူဆိုးတစ်ဦးနှင့် ရဲအရာရှိများ၏ ဘဝကို စိတ်ဝင်စားဖွယ် ရိုက်ကူးထားသည့် RAVANAN ဇာတ်ကြမ်းကားပြသမည်ဖြစ်သည်။

အိန္ဒိယရုပ်ရှင်

မြို့လယ်ဆုထူးပန်ရုံတွင် အိန္ဒိယတောင်ပိုင်း ရုပ်ရှင်ကားဖြစ်သည့် OM ဇာတ်ကားပြသမည်ဖြစ်ပြီး မြို့မရုံတွင် "SIVAJI" THE BOSS ဇာတ်ကားများ ပြသမည်ဖြစ်သည်။ (ကြေးမုံ)

မြန်မာလူငယ်စွန့်ဦးတီထွင်သူများအဖွဲ့က ကြီးမှူး၍ စီးပွားရေးလုပ်ငန်းအစီအစဉ်ရေးဆွဲရေးလုပ်ငန်းကို ဇူလိုင် ၃၁ ရက်က ရန်ကုန်မြို့ မြန်မာနိုင်ငံစက်မှုလက်မှုနှင့် ကုန်သည်ကြီးများအသင်းချုပ်(UMFCCI)၌ ကျင်းပရာ စီးပွားရေးစီမံခန့်ခွဲမှု သင်တန်းကျောင်း အမှုဆောင်အရာရှိချုပ် ဦးမျိုးမင်းဦးက ပထမဆုရရှိသူ Happy Groupမှ ဦးထွန်းလင်းအောင် ခေါင်းဆောင်သော အဖွဲ့အားဂုဏ်ပြုဆုငွေကျပ်လေးသိန်းနှင့် ဂုဏ်ပြုဆုတံဆိပ်ပေးအပ် ချီးမြှင့်စဉ်။ (ကြေးမုံ)

မီးဘေးလုံခြုံရေး

တမူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေး မီးဘေးလုံခြုံရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးအကျိုးတော်ဆောင်များ စုပေါင်း၍ ဇာတ်တိုက်လေ့ကျင့်နေမှုကို မြို့နယ်မီးသတ်တပ်ဖွဲ့မှူး ဦးတင့်ဇော်နှင့် အမှုဆောင်အရာရှိ ဦးမျိုးသန့်ခိုင်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (သတင်းစဉ်)

❖ ရှေ့ဖုံးမှ

သစ်ကြီး တည်ဆောက်နိုင်ရမည် ဟူသည့် ရည်မှန်းချက်ဖြင့် ပင်မ တာဝန်ဖြစ်သော လမ်း၊ တံတားများကို တိုးချဲ့တည်ဆောက်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် နိုင်ငံတစ်ဝန်း တောင်နှင့်မြောက် သွယ်တန်းနေသော အလျားလိုက်လမ်းမကြီး ၃၆ လမ်း၊ မိုင်အရှည် ၉၆၅၂ မိုင်၊ အရှေ့အနောက် သွယ်တန်းနေသော ကန့်လန့်ဖြတ်လမ်းမကြီး ၄၅ လမ်း၊ မိုင်အရှည် ၅၆၉၂ စုစုပေါင်း လမ်းမကြီး ၈၁ လမ်း မိုင်အရှည်ပေါင်း ၁၅၃၄၄ မိုင် တို့ကို ပြည်ထောင်စုလမ်းမကြီးအဖြစ် သတ်မှတ်ပြီး တစ်ဆင့်ပြီးတစ်ဆင့် တိုးတက်ကောင်းမွန်အောင် တည်ဆောက်လျက်ရှိသည်။

ပြင်ဦးလွင်-မိုးကုတ်လမ်းသစ်အပိုင်းကို ပြင်ဦးလွင်ခရိုင် ညောင်ကုန်း ကျေးရွာအနီးတွင် ဤသို့တွေ့ခဲ့ရသည်။

လမ်းအူကြောင်းတိုင်းတာ

ယခု ဖောက်လုပ်လျက်ရှိသည့် ပြင်ဦးလွင် - မိုးကုတ်ကားလမ်း အသစ်ကို နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်ချက်အရ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ပြင်ဦးလွင်ခရိုင်က ၂-၅-၂၀၁၀ ရက်နေ့တွင် ပြင်ဦးလွင်မှ မိုးကြိုးပစ်-ကျောက်မဲလေး-ရတနာသိင်္ဂီ-ပင်းတောင်-ပိန့်အင်း-မိုင်းလုံ-မိုးကုတ်အထိ ကွင်းဆင်း၍ လမ်းအူကြောင်း တိုင်းတာခဲ့ကြောင်း သိရသည်။

ပြင်ဦးလွင်မှ မိုးကုတ်သို့ တိုက်ရိုက်ဆက်သွယ်သည့် ကားလမ်းသည် ယခင်က မရှိခဲ့။ ပြင်ဦးလွင်မှ မိုးကုတ်သို့သွားလိုလျှင် မန္တလေး၊ မတ္တရာ၊ စဉ့်ကူး၊ သပိတ်ကျင်းတို့ကို ဖြတ်ပြီး မိုင် ၁၆၀ သွားမှ ရောက်သလို မိုးကုတ်မှပြင်ဦးလွင်သို့ လာလိုလျှင်လည်း ထိုလမ်းအတိုင်းသာ ပြန်လာမှ ရောက်သည်။ ယခုဖောက်လုပ်နေသည့် လမ်းသစ်ပြီးလျှင် ၉၇ မိုင် ၇ ဖာလုံသာရှိမည်ဖြစ်၍ ၆၂ မိုင် ၁ ဖာလုံခန့် ခရီးတိုသွားမည်ဖြစ်သည်။

မြို့နှစ်မြို့၏သမိုင်း

ယခုကဲ့သို့ တိုက်ရိုက်ဆက်သွယ်သွားလာနိုင်စေရန် ဖောက်လုပ်ပေးလျက်ရှိသော မြို့နှစ်မြို့၏ သမိုင်းကို တင်ပြရလျှင် ပြင်ဦးလွင်မြို့သည် မဟာသောဘိတာရာမတိုက် (ဈေးတောင်ကျောင်းကြီး) အတွင်း တည်ရှိသည့် အောင်မြေဘုံသာ မဟာဆုတောင်းပြည့်ဘုရား ခြေတော်ရင်း၌ ရေးသားစိုက်ထူခဲ့သော ကျောက်စာအရ ပုဂံမင်းလက်ထက် သက္ကရာဇ် ၁၂၁၂ (အေဒီ-၁၈၅၀) တွင် ပြင်ဦးလွင်ကျေးရွာကို တည်ထောင်ခဲ့ကြောင်း သိရှိရသည်။ သီပေါမင်းပါတော်မူပြီးနောက် ၁၈၈၆ ခုနှစ်တွင် အမှတ်(၅) ဘင်္ဂလားတပ်ရင်းမှ တပ်မှူး ဗိုလ်မှူးကြီးမေ ပြင်ဦးလွင်သို့ ရောက်ရှိလာပြီး ရွာမှ မြို့အဆင့်သို့ တိုးမြှင့် ဆောင်ရွက်ခဲ့သောကြောင့် ပြင်ဦးလွင်မှ မေမြို့ဟု ပြောင်းလဲခေါ်ဝေါ်ခဲ့ကြောင်း သိရသည်။

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ပြင်ဦးလွင်ခရိုင် အင်ဂျင်နီယာမှူး ဒေါ်အေးအေးမော်။

ပြင်ဦးလွင်ဟု ပြင်ဆင်

ဗြိတိသျှတို့ဆုတ်ခွာပြီး ဖက်ဆစ်ဂျပန်တို့ အုပ်ချုပ်နေသည့်ကာလ ဒေါက်တာဗမော် အစိုးရလက်ထက် ၁၉၄၄ ခုနှစ် စက်တင်ဘာလ ၈ ရက်နေ့တွင် ထုတ်ပြန်သော အမိန့်ပြန်တမ်းအရ မေမြို့အမည်မှ ပြင်ဦးလွင်ဟု ပြင်ဆင်သတ်မှတ်ခဲ့သော်လည်း မေမြို့အမည်ဟုသာ ခေါ်တွင်မှုများခဲ့ကြောင်း၊ ၁၉၈၉ ခုနှစ် နိုဝင်ဘာလ ၁၈ ရက်နေ့တွင် ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနမှ အမိန့်ကြော်ငြာစာဖြင့် ပြင်ဦးလွင်ဟု ပြင်ဆင်သတ်မှတ်ခဲ့ပြီး နှစ်(၁၀၀) ပြည့် ပွဲတော်ကိုလည်း ၁၉၉၆ ခုနှစ် ဧပြီလ ၃၀ ရက်နေ့မှ မေလ ၆ ရက်နေ့အထိ ကျင်းပခဲ့ကြောင်း သိရသည်။

မိုးကုတ်ဟုတွင်

ထို့အတူ မိုးကုတ်မြို့သည် ရတနာမျိုးစုံ ထွက်ရှိသည့် ဂုဏ်သတင်းကြောင့် ကမ္ဘာ့အလယ်တွင် ဂုဏ်သရေ လွှမ်းဝင့်ထည်ဝါစေသဖြင့် မြန်မာတို့၏အသည်းနှလုံးသဖွယ်ဖြစ်သည်။ (လိပ်နဂါးကြွက်၊ သုံးဘော်ရှက်၊ ကျောက်မျက်ရတနာပေါ်ထွက်၊ ဂန္ဓာတိုင်း၊ သမိုင်းပွင့်ဆန်း၊ ပင်သဖန်းဟု၊ မော်ကွန်းထိုးထုတ်၊ မြို့မိုးကုတ်) ဟူသည့် တဘောင်အရ မိုးမိတ်၊ မိုးလိုင်ကို အစိုးရသော စော်ဘွားကြီးသိုဟန်ဖတ်လက်ထက်တွင် ယခု မိုးကုတ်မြို့ တည်မည့်နေရာကို ရှမ်းမုဆိုးသုံးယောက် တောလည်ထွက်ရာ လမ်းမှားပြီး မပြန်တတ်ဘဲ သဖန်းပင်ကြီးတစ်ပင်အောက်၌ ညအိပ်ကြရသည်ဆို၏။ နံနက်မိုးသောက်အလင်းရောက်သော် မလှမ်းမကမ်း၌ တောင်တစ်ခုပြိုကျပြီး ကောင်းကင်ယံ၌ စွန်များ၊ ကျီးများ ဝဲပျံနေသဖြင့် သွားကြည့်ရာ နီမြန်းသော ပတ္တမြားတို့ကို တွေ့သဖြင့် မုဆိုးတို့သည် ယူဆောင်သွားကြပြီး မိုးမိတ်စော်ဘွားထံ ဆက်သကြသည်ဆို၏။ စော်ဘွားကြီးသည် ဝမ်းမြောက်စွာဖြင့် မုဆိုးတို့ကို ဆုတော်ငွေများပေးပြီး အိုးစား ၃၀ ကို ကြီးမှူးသော ဟိန်းတစ်ယောက်ကို တစ်အိုးစားငွေပေး၍ ပတ္တမြားမြေကို စောင့်ကြပ်စေကြောင်း၊ ထိုအိုးစားက ပတ္တမြားမြေကို စောင့်ရင်း တောင်ခြေရှိ သဖန်းပင်ကြီးနားတွင် ရွာတည်ရာ ရှမ်းလူမျိုးများ လာရောက်နေထိုင်ပြီး ချိုင့်ဝှမ်းအတွင်း လယ်ယာလုပ်ကိုင်ကြရာမှ ညနေချိန် အပြန်၌ မိုးစောစောချုပ်သဖြင့် ထိုဒေသကို မိုးစောစောချုပ်သောမြို့ (ကံဝမ်ခမ်ဆောက်မိန်း)ဟု ပြောစမှတ်ပြုရာမှ မိုးကုတ်ဟု တွင်လာကြောင်း၊ မြန်မာသက္ကရာဇ် ၅၇၉ ခုနှစ်တွင် သဖန်းပင်ရွာကို စတင်တည်ကြောင်း သိရသည်။

ပတ္တမြားမြေ

မိုးကုတ်မြို့၏ အမည်ရင်းမှာ (မိန်းကွတ်)ဟူသော ရှမ်းစကားမှ ဆင်းသက်လာသည်ဟုလည်း ဆိုကြသည်။ နောက်တစ်ဖန် အလွန်ချမ်းအေးသော မြို့ဟု ဆိုပြန်သည်။ မိုးကုတ်မြို့သည် ကျောက်တောင်ထူထပ်၍ ပေ ၇၅၀၀ ကျော်မြင့်သော တောင်များရှိသည်။ ဧရာဝတီမြစ်၏ အရှေ့ဘက် ၃၆ မိုင်မျှ အကွာတွင်ရှိပြီး တောင်များ အကြား ခွက်ခွက် တည်ရှိကာ မြို့ပုံမှာ ဒယ်အိုးသဖွယ်ဖြစ်သည်။ လိပ်သဲကျောက်တောင်၊ ပုံဆောင်ထုံးကျောက်တောင်တို့မှ ပတ္တမြား၊ နီလာ၊ ကြွန္တနီလာ၊ ဥဿဖရား၊ ဖရဲအူ၊ မျော၊ ပြောင်ခေါင်းစိမ်း၊ အညှံကျောက်၊ ရွှေတွင်းဝါ၊ နဂါးသွဲ့၊ မှတ်မီး စသည့် ကျောက်သံ ပတ္တမြားများ ထွက်ရှိသဖြင့် ပတ္တမြားမြေဟုလည်း တင်စားခေါ်ဝေါ်ကြသည်။

တိုက်ရိုက်ဆက်သွယ်

ယခုအခါ မြို့တည်နှစ်ပေါင်း(၁၀၀) ကျော်ရှိသော ပြင်ဦးလွင်နှင့် မြို့ရွာ တည်သက် နှစ်ပေါင်း (၇၀၀) ကျော်ရှိ ပတ္တမြားမြေ မိုးကုတ်ကို တိုက်ရိုက်ဆက်သွယ်သွားလာနိုင်သည့် ကားလမ်းသစ်တစ်ခု ဖောက်လုပ်ပေးနေခြင်း ဖြစ်ပါသည်။

အပိုင်းလိုက်တာဝန်ယူ

ကျွန်တော်သည် ထိုနေ့က ပြင်ဦးလွင်မှ ရေငယ်၊ မိုးကြိုးပစ်ကျေးရွာနှင့် ညောင်ကုန်းတို့တွင် လမ်းဖောက်လုပ်ငန်း ဆောင်ရွက်နေသော ပြင်ဦးလွင်ခရိုင် ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း၏ လုပ်ကွက်နှင့် ညောင်ကုန်း-မဲတော-နောင်ပိန်-ကျောက်မဲလေးအထိ လမ်းဖောက်နေသော ဧရာရွှေဝါကုမ္ပဏီတို့၏ လုပ်ကွက်တို့သို့ သွားရောက်ကြည့်ရှု လေ့လာခဲ့သည်။ ထိုလမ်းသစ်ကို တာဝန်ယူကြီးကြပ်သော ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းမှ ပြင်ဦးလွင်ခရိုင် အင်ဂျင်နီယာမှူး ဒေါ်အေးအေးမော်အား လမ်းဖောက်လုပ်နေမှုနှင့် စပ်လျဉ်း၍ မေးကြည့်ရာ ဤလမ်းအသစ်ကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ရုံးချုပ်မှ အင်ဂျင်နီယာချုပ်တစ်ဦး၊ မန္တလေးတိုင်း အင်ဂျင်နီယာမှူးကြီး ဦးစိုးအောင်၊ ခရိုင်အင်ဂျင်နီယာမှူး ဒေါ်အေးအေးမော်နှင့် ပြင်ဦးလွင်ခရိုင် ဆောက်လုပ်ရေးအဖွဲ့က လည်းကောင်း၊ ကျောက်မဲခရိုင်အပိုင်းတွင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လမ်းအထူးအဖွဲ့(၁)မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးကျောက်ဝေနှင့် အဖွဲ့က လည်းကောင်း၊ မိုးကုတ်ဘက်တွင် မြို့နယ်တာဝန်ခံ လက်ထောက်အင်ဂျင်နီယာ ဒေါ်နုယဉ်မင်းနှင့် ကုမ္ပဏီပေါင်း ၁၀ ခုတို့က လည်းကောင်း အပိုင်းလိုက် တာဝန်ယူဖောက်လုပ်နေကြောင်း၊ အဆိုပါလမ်းကို လမ်းအူကြောင်း ကွင်းဆင်းတိုင်းတာစဉ်က ကျေးရွာချင်းဆက်သည့် လမ်းများတွင် ကတ္တရာလမ်း ၈ မိုင် ၇ ဖာလုံ၊ အမာခံလမ်း ၃၇ မိုင် ၂ ဖာလုံ၊ ကျောက်ချောလမ်း ၃၉ မိုင် ၆ ဖာလုံ လမ်းဟောင်းရှိပြီး ကျန်ရှိသည့် ၃၉ မိုင် ၆ ဖာလုံမှာ လူသွားလမ်းများ၊ လားလမ်းနှင့် လှည်းလမ်းကလေးများရှိကြောင်း၊ ထိုနေရာကို စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံးက တစ်ကြောင်း ထိုးလမ်း ဆောင်ရွက်ပေးခဲ့ကြောင်း၊ လုံးခမ်းမှလဲကြီးအထိသည် အတက်အဆင်း မတ်စောက်သော တောင်ပေါ်လမ်းများဖြစ်ကြောင်း၊ အဆိုပါလမ်း ၉၇ မိုင် ၇ ဖာလုံတွင် ရေပြွန်တံတားနှင့် ၅ ပေ Box CULVERT အစင်း ၅၀၊ ၁၀ ပေမှ ပေ ၃၀အတွင်းရှိ တံတား ၆၃ စင်း၊ ပေ ၂၆၀၊ တံတားတစ်စင်း တို့ကို တည်ဆောက်သွားမှာ ဖြစ်ကြောင်း၊ လမ်းအကျယ်ကို ၃၄ ပေအထိချဲ့၍ ဖောက်လုပ်သွားမည်ဖြစ်ပြီး မိုးများသော တောင်ပေါ်လမ်းများဖြစ်၍ ယခုနှစ်တွင် ကျောက်ချောလမ်းနှင့် လာမည့်နှစ်များတွင် အဆင့်မြင့် ကတ္တရာလမ်းအဖြစ် ဖောက်လုပ်သွားမည်ဖြစ်ကြောင်း ရှင်းပြသည်။

မိုင်ပေါင်း ၁၆၀ ကျော်

ကျွန်တော်တို့သတင်းအဖွဲ့ နောက်တစ်နေ့တွင် မိုးကုတ်ကိုသွားရာ၌ ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းမှ မိုးကုတ်မြို့နယ် လက်ထောက်အင်ဂျင်နီယာ ဒေါ်နုယဉ်မင်း လိုက်ပါကူညီခဲ့သည်။ ကျွန်တော်တို့ ကားလေးသည် ပြင်ဦးလွင်မှ နံနက်စောစောဆင်းခဲ့ပြီး မန္တလေး-မတ္တရာ-စဉ့်ကူး-သပိတ်ကျင်း တို့ကို ကျော်ဖြတ်ခဲ့သည်။ လမ်းခရီးမှာ အထူးစိတ်ကြည်နူးဖွယ်ကောင်းသည်။ တောင်တက်လမ်း သက်သက်ဖြစ်သည်။ စရပ်ဖြူပင်မြင့်စခန်းမှာ ပေ ၄၈၁၀ အမြင့်ရှိ၍ ထိုနေရာတွင် သပိတ်ကျင်းနှင့် မိုးကုတ်မြို့တို့ ထိစပ်ရာဖြစ်သည်။ ထိုတောင်ထိပ်မှ ကြည့်လျှင် ဧရာဝတီမြစ်ကိုမြင်ရသည်။ ပေ ၄၅၀၀ အမြင့်ရှိသော ကျပ်ပြင်မှသည် မိုးကုတ်မြို့ ရောက်သည်အထိ ပေ ၇၀၀ မျှ တောက်လျှောက် အဆင်းချည်းဖြစ်သည်။ ဤသို့ဖြင့် တောင်လှေကားမြို့တော် ပြင်ဦးလွင်မှ ပတ္တမြားမြေ မိုးကုတ်သို့ မိုင်ပေါင်း ၁၆၀ ကျော် ခရီးတွင် တောင်အတက်ခရီးနှင့်

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း မိုးကုတ်မြို့နယ် လက်ထောက်အင်ဂျင်နီယာ ဒေါ်နုယဉ်မင်း။

နမ့်ပန်ချောင်း လူကူးကြိုးတံတားကို တွေ့ရစဉ်။ *(ထိုတံတားလေးနေရာတွင် အရှည် ပေ ၁၆၀၊ ယာဉ်သွားလမ်း အကျယ် ၁၂ပေ နှင့် တံတားခံနိုင်ဝန် တန် ၆၀ ရှိမည့် နှစ်လွှာတစ်ထပ် ဘေလီတံတား တစ်စင်း တည်ဆောက်ရန် စီစဉ်လျက်ရှိသည်။)*

နမ့်ပန်ချောင်းကူးတံတား ပေ ၁၆၀ စီမံကိန်းဆိုင်ရာ အချက်အလက်များ-

တံတားတည်နေရာ	လဲကြီးကျေးရွာ၊ မိုးကုတ်မြို့နယ်၊ မန္တလေးတိုင်း။ (မိုးကုတ်-ပြင်ဦးလွင်လမ်း)
တံတားအမျိုးအစား	နှစ်လွှာတစ်ထပ်ဘေလီတံတား
တံတားခံနိုင်ဝန်	တန်(၆၀)
တံတားအရှည်	ပေ ၁၆၀၊ ပေ(၆၀+၆၀+၄၀)သုံးခန်း
တံတားအကျယ်	ယာဉ်သွားလမ်း ၁၂ ပေ
အုတ်မြစ်အမျိုးအစား	0.8 0 MINIBORE PILE FOUNDATION, 0 CASSION FOUNDATION
ရေလမ်းကင်းလွတ်အကျယ်	၁၅၆ ပေ
ရေလမ်းကင်းလွတ်အမြင့် (FREE BOAT)	၃ ပေ
စီမံကိန်းစတင်သည့်ရက်	၂၅-၆-၂၀၁၀
စီမံကိန်းပြီးမည့်နေ့	စတင်သည့်နေ့မှ ခြောက်လအတွင်း။

အမှတ်(၁) ရေနံချက်စက်ရုံ(သန်လျင်) ဝန်ကြီး ဦးလွန်းသီ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၄

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသီသည် ဩဂုတ် ၂ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်း သန်လျင်မြို့နယ်ရှိ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း အမှတ်(၁) ရေနံချက်စက်ရုံ(သန်လျင်)သို့ ရောက်ရှိပြီး စက်ရုံအတွင်း India Loan စီမံကိန်းဖြင့် စက်ရုံအကြီးစား ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးရာ စက်ရုံမှူးက ရေနံပေါင်းတင်ချက်စက်ရုံအမှတ် (ဘီ)နှင့် (စီ)တို့၏ Construction၊ Installation၊ Piping & Instrumentation နှင့် Cooling Tower & Heater Commissioning လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် Guarantee Test Run ဆောင်ရွက်မည့် အစီအစဉ်များကို လည်းကောင်း၊ Water Treatment Plant အား Commissioning လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို လည်းကောင်း၊ 4.5 MW Power Generation Unit အား Commissioning လုပ်ငန်းများ ဆောင်ရွက်မည့် အစီအစဉ်များကို လည်းကောင်း၊ Tank Rader Unit စမ်းသပ်အသုံးပြုနေမှုကို လည်းကောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးက Techanically စေ့စပ်သေချာရေး၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးနှင့် မီးဘေးလုံခြုံမှု ဂရုပြုရေး၊ သတ်မှတ်ကာလအတွင်း လုပ်ငန်းများ အချိန်မီပြီးစီးရေးတို့ကို အထူးအလေးထား ဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် စက်ရုံအစည်းအဝေးခန်းမ၌ စက်ရုံအရာထမ်းများနှင့်တွေ့ဆုံ၍ စက်ရုံ စက်စွမ်းအားပြည့် လည်ပတ်နိုင်ရေး ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးပမ်းဆောင်ရွက်သွားကြရန်နှင့် နိုင်ငံပိုင်ပစ္စည်းများ လေလွင့်ဆုံးရှုံးမှုမဖြစ်အောင် ထိန်းသိမ်းကြရန် မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသီ အမှတ်(၁) ရေနံချက်စက်ရုံ(သန်လျင်)ရှိ ထိန်းချုပ်စခန်းကို ကြည့်ရှုစစ်ဆေးစဉ်။ (စွမ်းအင်)

ပြင်ဦးလွင်-မိုးကုတ် လမ်းဖောက်လုပ်ရေးစီမံကိန်းတွင် လုပ်ငန်းဆောင်ရွက်နေကြစဉ်။

သည်။ ကျွန်တော်တို့ ကားလေးသည် ပြင်ဦးလွင်မှ နံနက်စောစောဆင်းခဲ့ပြီး မန္တလေး-မတ္တရာ-စဉ့်ကူး-သပိတ်ကျင်းတို့ကို ကျော်ဖြတ်ခဲ့သည်။ လမ်းခရီးမှာ အထူးစိတ်ကြည်နူးဖွယ်ကောင်းသည်။ တောင်တက်လမ်း သက်သက်ဖြစ်သည်။ စရပ်ဖြူပင်မြင့်စခန်းမှာ ပေ ၄၈၁၀ အမြင့်ရှိ၍ ထိုနေရာတွင် သပိတ်ကျင်းနှင့် မိုးကုတ်မြို့တို့ ထိစပ်ရာဖြစ်သည်။ ထိုတောင်ထိပ်မှ ကြည့်လျှင် ဧရာဝတီမြစ်ကိုမြင်ရသည်။ ပေ ၄၅၀၀ အမြင့်ရှိသော ကျပ်ပြင်မှသည် မိုးကုတ်မြို့ ရောက်သည်အထိ ပေ ၇၀၀ မျှ တောက်လျှောက် အဆင်းချည်းဖြစ်သည်။ ဤသို့ဖြင့် တောင်လေ့ကားမြို့တော် ပြင်ဦးလွင်မှ ပတ္တမြားမြေ မိုးကုတ်သို့ မိုင်ပေါင်း ၁၆၀ ကျော် ခရီးတွင် တောင်အတက်ခရီးနှင့် အကွေ့ပေါင်း ၉၉၉ ကွေ့ကို ကွေ့ပတ်ကျော်ဖြတ်ပြီးနောက် ညနေ ၅ နာရီခန့်တွင် ရောက်ရှိသည်။

နောက်နေ့နံနက်တွင် လမ်းဖောက်လုပ်နေသော ကုမ္ပဏီမှ စီစဉ်ပေးသည့် ကားဖြင့် ပန်းမထိပ်ရွာ၊ အဖြူရောင်ရွာ၊ အောက်ညောင်ကုန်းရွာ၊ ကျောက်တလုံးရွာ၊ လဲကြီးရွာတို့ကိုသွားရောက်၍ မိုးကုတ်အပိုင်းအား တာဝန်ယူ လမ်းဖောက်လုပ်နေသော စိန်ကောင်းရတနာကုမ္ပဏီ၏လုပ်ကွက်၊ MMIC ကုမ္ပဏီ၏ လုပ်ကွက်တို့ကို ရောက်သည်။ လုပ်ငန်းခွင်တွင် စက်ကိရိယာကြီးများဖြင့် လမ်းဖောက်လုပ်နေသည်ကို တွေ့ရသည်။ အချို့နေရာများ၌ လမ်းသားအကျယ် ၃၄ ပေ မြေညှိခြင်း ပြီးသွားပြီဖြစ်သည်။

မိုးကုတ်-မိုင်းလုံသွား ကားလမ်းဟောင်း ၁၄ မိုင် ပါဝင်ပြီး လမ်းအကျယ် ၁၂ ပေရှိသည့် လမ်းဖြစ်၍ ၎င်းအပိုင်းကို လမ်းသား ၃၄ ပေအထိ ချဲ့မည်ဖြစ်ကြောင်း၊ မိုးကုတ်မှ လဲကြီးကျေးရွာအထိ ၁၄ မိုင်ကို ဖောက်လုပ်ရန် တာဝန်ယူထားသည့် ကုမ္ပဏီများမှာ စိန်ကောင်းရတနာ ကုမ္ပဏီက ၁၀ မိုင်နှင့် ပန်းသီးကုမ္ပဏီက လေးမိုင်ဖြစ်ကြောင်း၊ ထိုကုမ္ပဏီများသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက ဖောက်လုပ်ခဲ့သည့် လမ်းများတွင် ပါဝင်ဆောင်ရွက်လျက်ရှိသည့် အတွေ့အကြုံရှိသော ကုမ္ပဏီများ ဖြစ်ကြောင်း၊ စိန်ကောင်းရတနာ ကုမ္ပဏီသည် ၂၇-၆-၂၀၁၀ ရက်နေ့တွင် လုပ်ငန်းစတင်လျက်ရှိပြီး ပန်းသီးကုမ္ပဏီသည် ၁၀-၇-၂၀၁၀ ရက်နေ့တွင် လုပ်ငန်းစတင် ဆောင်ရွက်လျက်ရှိကြောင်း၊ မိုးတွင်းကာလ ဖြစ်သော်လည်း လုပ်ငန်းခွင်မှာ မနားကြဘဲ စက်ယန္တရားကြီးများ မချော်ဘူး၊ အန္တရာယ် မရှိဘူးဆိုလျှင် လုပ်ငန်းခွင်မပျက် အလုပ်လုပ်ကြကြောင်းကို ပြောပြသည်။

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက ဖောက်လုပ်ခဲ့သော ပြည် - ပေါက်ခေါင်း-တောင်ငူလမ်း ၁၂၅ မိုင် တစ်ဖာလုံ၊ ပုသိမ်-သလပ်ခွာ-မော်တင်စွန်းလမ်း ၉၆ မိုင်၊ နေပြည်တော်-ပျဉ်းမနား-ပင်လောင်းလမ်း (ကင်းသာကိုးကွေ့) ၂၀ မိုင် သုံးဖာလုံတို့ကို မကြာမီက ဖွင့်လှစ်ပေးခဲ့ပြီး ဖောက်လုပ်ဆဲလမ်းများမှာ လမ်းပေါင်း ၁၅ လမ်းနှင့် လမ်းမိုင်ပေါင်း ၁၈၁၅ မိုင် နှစ်ဖာလုံ ဖြစ်ကြောင်း သိရသည်။

နမ့်ပန်ချောင်းတံတား

ဖောက်လုပ်ဆဲ တစ်ကြောင်းထိုးလမ်းအတိုင်း ခရီးဆက်ခဲ့ရာ လဲကြီးကျေးရွာအရောက်တွင် စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံးမှ တည်ဆောက်နေသော နမ့်ပန်ချောင်းတံတား တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ဝင်၍ တံတားအကြောင်း လေ့လာခဲ့သည်။

ယခုအခါ အကြိုအင်ဂျင်နီယာလုပ်ငန်းများ ဆောင်ရွက်ပြီးသွား၍ MINIBORE PILE တူးခြင်းလုပ်ငန်းနှင့် PILE CAP တည်ဆောက်ခြင်းလုပ်ငန်းတို့ကို ဆောင်ရွက်လျက်ရှိသည်။ ကားကူးတံတား တည်ဆောက်လျက်ရှိသည့် နမ့်ပန်ချောင်းသည် ရွှေထွက်သော ချောင်းဖြစ်၍ နွေနှင့် ဆောင်းတွင်း၌ ချောင်းရိုးတစ်လျှောက် ရွှေကျင်သူများ လာရောက်ကြကြောင်း သိရသည်။

လုပ်ငန်းခွင်မပျက်

ကျွန်တော်သည် နမ့်ပန်ချောင်းကူးတံတားနှင့် စပ်လျဉ်း၍ သိလိုသည်များကို မေးမြန်းပြီး မိုးကုတ်ဘက်အခြမ်းလမ်းသစ်ဖောက်လုပ်ရေးတွင် ကုမ္ပဏီများအား ကြီးကြပ်ဆောင်ရွက်ပေးနေသည့် မိုးကုတ်မြို့နယ် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ လက်ထောက်အင်ဂျင်နီယာ ဒေါ်နုယဉ်မင်းအား လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေကို မေးမြန်းကြည့်ရာ ၎င်းတို့လမ်းပိုင်းတွင် မိုးကုတ်မြို့၏ အရှေ့တောင်ဘက်

ဧက တစ်သိန်းကျော်

ပြင်ဦးလွင်-မိုးကုတ်လမ်းသစ်ကြီးပြီးသွားလျှင် ပြင်ဦးလွင်မှ လမ်းတစ်လျှောက် ဖြတ်သန်းသွားသည့် ရွာပေါင်း ၂၀ ကျော်မှာလည်း ဖွံ့ဖြိုးတိုးတက်လာတော့မည် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် လမ်းသစ်တစ်လျှောက် စပါး၊ ပြောင်း၊ ပဲ၊ နာနတ်၊ စတော်ဘယ်ရီ၊ လက်ဖက်၊ ထောပတ်၊ တညင်း၊ မက်မန်း၊ ကော်ဖီ၊ လိမ္မော်နှင့် စားသုံးသီးနှံများ စိုက်ပျိုးနိုင်မည့် စိုက်ဧက တစ်သိန်းကျော်ကို ဖော်ထုတ်ပေးရန် စီစဉ်ထားကြောင်း သိခဲ့ရ၍ ဖြစ်သည်။ ထို့ကြောင့် အပန်းဖြေရာ တောင်လေ့ကားမြို့တော်နှင့် ပတ္တမြားမြေ မိုးကုတ်မြို့သို့ တိုက်ရိုက်သွားနိုင်သည့် ကားလမ်းသည် ရွှေလမ်း၊ ငွေလမ်း၊ ပတ္တမြားလမ်းအဖြစ်နှင့် နောင်နှစ်ပေါင်းများစွာ တည်ရှိနေပေတော့မည်ဖြစ်ပါကြောင်း ကွင်းဆင်း ဂုဏ်ပြုရေးသားလိုက်ရပါတော့သည်။ ။

မိုးကုတ်မြို့နယ်အပိုင်းတွင် မြေသားလုပ်ငန်းဆောင်ရွက်နေကြသည်ကို ဤသို့တွေ့ခဲ့ရသည်။

...ရေးလုပ်ငန်း မိုးကုတ်မြို့နယ် လက်ထောက် ...။

...၁၆၀ စီမံကိန်းဆိုင်ရာ အချက်အလက်များ-

လဲကြီးကျေးရွာ၊ မိုးကုတ်မြို့နယ်၊ မန္တလေးတိုင်း။
(မိုးကုတ်-ပြင်ဦးလွင်လမ်း)
နှစ်လွှာတစ်ထပ်ဘေလီတံတား
တန်(၆၀)
ပေ ၁၆၀၊ ပေ(၆၀+၆၀+၄၀)သုံးခန်း
ယာဉ်သွားလမ်း ၁၂ ပေ
0.8 0 MINIBORE PILE FOUNDATION, 0 CASSION FOUNDATION
၁၅၆ ပေ
၃ ပေ

၂၅-၆-၂၀၁၀
စတင်သည့်နေ့မှ ခြောက်လအတွင်း။

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေး ဆွေးနွေးပွဲ၊ ငါးမျိုးစိုက်ထည့်ခြင်းနှင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေ တက်ရောက်

နေပြည်တော် ဩဂုတ် ၄

ဧရာဝတီတိုင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ရုပ်ပြသင်ခန်းစာ သင်ကြားခြင်း အလုပ်ရုံဆွေးနွေးပွဲကို ဇူလိုင် ၂၇ ရက် နံနက်ပိုင်းတွင် ပုသိမ်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေ၊ တပ်မတော်အရာရှိကြီးများ၊ တိုင်းအဆင့် ဌာနဆိုင်ရာများ၊ ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီဝင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားပြီး တာဝန်ရှိသူတစ်ဦးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးရုပ်ပြသင်ခန်းစာ စာအုပ်များကို တိုင်းပညာရေးမှူးထံ ပေးအပ်သည်။

ဆက်လက်၍ တာဝန်ရှိသူများက လုပ်ငန်းဆိုင်ရာများ ရှင်းလင်းဟောပြောကြသည်။

တိုင်းမှူးသည် ဇူလိုင် ၂၈ ရက်တွင် ပုသိမ်မြို့ ပန်းခြံဆိပ်ကမ်း၌ ကျင်းပသော ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားသို့ တက်ရောက်၍ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဝန်မြစ်အတွင်းသို့ ငါးမျိုးစုံတို့ကို စိုက်ထည့်ပေးကြသည်။

တိုင်းမှူးသည် ဇူလိုင် ၂၉ ရက်တွင် ပုသိမ်တပ်နယ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားသို့ တက်ရောက်ရာ တာဝန်ရှိသူတစ်ဦးက သစ်ပင်စိုက်ပျိုးပွဲ ကျင်းပရခြင်းကို ရှင်းလင်းပြောကြားပြီး တိုင်းမှူးက တပ်ရင်း၊ တပ်ဖွဲ့မှူးများအား ပျိုးပင်များ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးက မဟော်ဂနီပင်ကို စတင်စိုက်ပျိုးပေးပြီး တက်ရောက်လာကြသူများ၏ ပျိုးပင်များ စိုက်ပျိုးပေးနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေ ဝန်မြစ်အတွင်း ငါးမျိုးစုံတို့ကို စိုက်ထည့်ပေးစဉ်။

(သတင်းစဉ်)

ဘောလခဲခရိုင် ကော်မရှင်အဖွဲ့ခွဲဝင်များ ကော်မရှင်လုပ်ငန်းဆောင်ရွက်ချက်များ ကွင်းဆင်းစစ်ဆေး

နေပြည်တော် ဩဂုတ် ၄

ဘောလခဲခရိုင်ကော်မရှင်အဖွဲ့ခွဲ၏ စီစဉ်ဆောင်ရွက်မှုဖြင့် ဘောလခဲမြို့နယ်အတွင်း ကော်မရှင်ရုံး ဖွင့်လှစ်ထားရှိမှုနှင့် လုပ်ငန်းဆောင်ရွက်ချက်များ ကွင်းဆင်းစစ်ဆေးခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၃၁ ရက်တွင် ခရိုင်ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးချမ်းမြေ့စော၊ ခရိုင်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များဖြစ်ကြသည့် ဦးသန့်ဇင်နှင့် ဦးခင်စောတို့သည် နန်းဖဲကျေးရွာ၊ ဘူးခွကျေးရွာနှင့် ရှမ်းပိုင်းရပ်ကွက်နှင့် ကယားပိုင်းရပ်ကွက်ကော်မရှင် အဖွဲ့ခွဲရုံးများသို့ ကွင်းဆင်း၍ ရပ်ကွက်၊ ကျေးရွာကော်မရှင်အဖွဲ့ဝင်များ၊ မဲရုံမှူး၊ ဒု-မဲရုံမှူးများနှင့် တွေ့ဆုံပြီး မဲရုံနေရာများ ရွေးချယ်ထားမှု၊ မဲစာရင်းများ ပြုစုထားရှိမှု၊ ရုံးလုပ်ငန်းဖိုင်တွဲများ စနစ်တကျ စိစစ်ထားရှိမှုတို့ကို စစ်ဆေးကာ ကော်မရှင်အဖွဲ့ခွဲဝင်များအား လုပ်ငန်းဆောင်ရွက်မှုများ ရှင်းလင်းဆွေးနွေးခဲ့၍ မေးမြန်းချက်များကို ပြန်လည်ဖြေကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပဲခူးတိုင်း ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်စိန်မြင့် နွေစပါးရိတ်သိမ်းပြီးစီးမှုနှင့် မိုးစပါးစိုက်ပျိုးပြီးစီးမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၄

ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်စိန်မြင့်သည် ဇူလိုင် ၂၅ ရက် နံနက်ပိုင်းတွင် ပြည်မြို့ ညောင်ဝန်းကျေးရွာ၌ နွေစပါးရိတ်သိမ်းပြီးစီးမှု အခြေအနေနှင့် မိုးစပါးစိုက်ပျိုးပြီးစီးမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ရွှေဝါမြေကျေးရွာ စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ရာ ရှေးဦးစွာ တာဝန်ရှိသူတို့က စာကြည့်တိုက်နှင့် စပ်လျဉ်း၍ ဆောင်ရွက်ခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး အလှူရှင်များက အလှူငွေနှင့် စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ တာဝန်ရှိသူတို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး တိုင်းဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့သည် စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတကာအဆင့် မုန့်မျိုးစုံပြုလုပ်ပြင်ဆင်နည်းသင်တန်း ဖွင့်မည်

ရန်ကုန် ဩဂုတ် ၄

ပြည်တွင်းပြည်ပရှိ Hotel, Restaurantနှင့် အပျော်စီးသင်္ဘောလိုင်းများ၌ တာဝန်ထမ်းဆောင်လိုသူများနှင့် ကိုယ်ပိုင်လုပ်ငန်းတွင် ကျွမ်းကျင်သူတစ်ယောက်အဖြစ် လုပ်ကိုင်လိုသူများအတွက် ရည်ရွယ်၍ International Bakery & Pastry Course (နိုင်ငံတကာအဆင့်ပေါင်မုန့်၊ ကိတ်မုန့်နှင့် မုန့်မျိုးစုံ ပြုလုပ်ပြင်ဆင်နည်းသင်တန်း) သင်တန်းအပတ်စဉ်အသစ်ကို ဩဂုတ်လ ဒုတိယပတ်အတွင်း Star Resources Hospitality Management Academy၌ ဖွင့်လှစ်မည်ဖြစ်သည်။

Institute of Hospitality (UK) နှင့် Institute of AH & LA (USA)မှ သတ်မှတ်ထားသော Course Guide Line များနှင့်အညီ နိုင်ငံတကာ အတွေ့အကြုံရှိ ဆရာ၊ ဆရာမများကိုယ်တိုင် တတ်မြောက်ကျွမ်းကျင်အောင် အထောက်အကူပြုပစ္စည်း အစုံအလင်ဖြင့် စနစ်တကျ သင်ကြားပေးမည်ဖြစ်သည်။ သင်တန်းတက်ရောက်နေစဉ်နှင့် သင်တန်းတက်ရောက်ပြီးသူများအတွက် လုပ်ငန်းခွင်ဝင်ရောက်နိုင်ရန်နှင့် ကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင်လိုသူများအတွက် လိုအပ်သောအကူအညီများ အခမဲ့ ကူညီပေးသွားမည်ဖြစ်သည်။

ထို့အပြင် IELTS Foundation Course နှင့် Intensive Course ကိုလည်း Star Resources Hospitality Management Academy၌ ဩဂုတ်လ ဒုတိယပတ်အတွင်း ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်သည်။

သင်တန်းကာလမှာ သုံးလကြာမြင့်မည်ဖြစ်ပြီး စိတ်ပါဝင်စားသူများအနေဖြင့် Star Resources Hospitality Management Academy၊ တိုက် (၂၆၇) အခန်း (၃၀၂) ပြည်လမ်း မြေနီကုန်း စမ်းချောင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း - ၀၁-၅၂၃၆၂၃၊ ၅၂၃၂၀၀၊ ၄၄၁၂၂၅၆ နှင့် ၀၉-၅၀၂၀၃၀၂ တို့သို့ ဆက်သွယ်စုံစမ်း၍ စာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ပြည်တွင်းအခွန်များဦးစီးဌာန ကွန်ပျူတာအခြေခံသင်တန်းဖွင့်ပွဲ ကျင်းပ

နေပြည်တော် ဩဂုတ် ၄

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန ကွန်ပျူတာအခြေခံသင်တန်းအမှတ်စဉ် (၁၇) ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂ ရက် နံနက် ၉ နာရီတွင် မန္တလေးတိုင်း ပြည်တွင်းအခွန်များဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား) ငွေစာရင်း၊ စာရင်းအင်းနှင့် အထွေထွေဌာနခွဲ ညွှန်ကြားရေးမှူး ဦးအောင်မိုးကြည် တက်ရောက်၍ သင်တန်းဖွင့် အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

အဆိုပါသင်တန်းဖွင့်ပွဲသို့ မန္တလေးတိုင်း ပြည်တွင်းအခွန်များဦးစီးဌာန တိုင်းဦးစီးမှူး ဦးကျော်ဇေယျနှင့် ခရိုင်ဦးစီးမှူးများ၊ မြို့နယ်ဦးစီးမှူးများ၊ ဦးစီးအရာရှိများ၊ သင်တန်းနည်းပြများနှင့် အထက်မြန်မာပြည်မှ သင်တန်းသား စုစုပေါင်း ၄၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ် ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၁၃၆)ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဩဂုတ် ၄

ပြန်ကြားရေးဝန်ကြီးဌာနက ကြီးကြပ်စီစဉ်သော နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၁၃၆)ကို ၂၀၀၉-၂၀၁၀ ပညာသင်နှစ် ခြောက်ဘာသာဂုဏ်ထူးရှင် မကြည်စင်ရွှန်းလဲ့ (အထက-၂ ဗဟန်း)၏ မျက်နှာဖုံးပုံဖြင့် ယနေ့ ထုတ်ဝေဖြန့်ချိလိုက်သည်။

မြင်းမူမောင်နိုင်မိုး၊ မြတ်ဘုန်း(တပ်ကုန်း)၊ ဇော်မျိုးဟန် (ငါးသိုင်းချောင်း)၊ မောင်သန့်ဇင်၊ လေးစိုး(ဒေးဒရဲ)၊ ခင်ဖုန်းကြည် (မိုင်းပွန်)၊ မင်းမောင်နွယ်(မွန်ဌာနီ)၊ ကောင်းညွန့်ဝေ(ရေစကြို)၊ မောင်ရည်သင်း (ငဝန်ကမ်းခြေ)၊ အောင်သာဆန်(သံတွဲ)၊ စောလွမ်းသိမ်း(ရသစာပေ)တို့၏ အဖွင့်ကဗျာများ၊ တက္ကသိုလ်တင်ခ၊ မြင့်သိန်းအောင်၊ ဆင်ဖြူကျွန်းအောင်သိန်း၊ လှထွန်း(တွံတေး) ချစ်နိုင်(စိတ်ပညာ)၊ မွေးငယ်ငယ်၊ စစ်ကိုင်းစိမ်းစိမ်း၊ စိန်လင်း (ခွဲစိတ်နှင့် ကင်ဆာပါရဂူ)၊ မောင်ကြည်မော်(စကု)၊ မန်းခင်ခင်၊ ကိုခက်ဝေ (တပ်ကုန်း) မဟာဝိဇ္ဇာ အရှေ့တိုင်းပညာ၊ မောင်ဒေါင်းဆွေ(ရွှေဇာမြေ)၊ မြမျက်ရှင်၊ တက္ကသိုလ်စိုးယဉ်၊ နေသွန်း၊ ရွှေကိုဦး၊ ရေချမ်း၊ မောင်နေမွန်၊ စောဟန်၊ စိုးခ၊ မင်းသက်ခိုင်(ဝက်လာ)၊ မင်းနွယ်အောင် (စုံနံ့သာမြိုင်)၊ မေယမင်းသူရိန်၊ ဇေယျမြေမောင်ယဉ်မွေး(ဇီးကုန်း)၊ မြသီတာသန်းတင်(ဇီးကုန်း)၊ ရွှေညှင်းအေးသိမ့်၊ ကောင်းလှ(ကချင်ပြည်နယ်)၊ ကံဝင်း(ကြေး/မြေ)၊ ကျုံမငေးစိမ်းသူဆွေ၊ မောင်မောင်ကျော်စိုး(ဒေးဒရဲ)၊ နိုင်စေရ(မန်းတက္ကသိုလ်)၊ မင်းမောင်နွယ် (မွန်ဌာနီ)၊ ဝင်းယုမောင်၊ တင်မောင်(စလင်း)၊ စစ်မင်း(တောင်တွင်း)၊ ညွှန့်ဝင်း(ပညာရေး၊ နတ်တလင်း)၊ တွန်းအားရှင်၊ မင်းနီခိုင်(မောင်တော)၊ မောင်ငြိမ်းရည်(မင်းကင်း)၊ တက္ကသိုလ်မောင်ယဉ်သူ၊ ဂေါ်ယာမြေစောဝင်း၊ ဩစူး(သောင်ကြီးမြောက်)၊ ရွှေနေမင်း(အနုပညာအမြုတေရပ်ဝန်း)၊ အောင်ဇင်၊ တင်ရီမ(ညောင်ဦး)၊ တွင်းကြီးသားတင်ဝင်းဦး၊ ကျော် (စက်မှု)၊ အောင်ချစ်စိုး (လသာ)၊ တင်ဝင်း(ပညာရေး-မအူပင်)၊ အောင်ကျော်ဆန်း၊ ကိုကိုအောင်(ကျောက်တန်း)၊ စည်တော်သံ၊ ဇွဲနေရောင်ခြည်၊ သက္က(ခေတ္တရာ)၊ မောင်လှိုင်းသစ်(ချစ်စရာမြေ)၊ ထွန်းလှိုင်(မြိုင်)၊ ယွန်းမြတ်မွန်းသျှန်တို့၏ ဝတ္ထုတို၊ ဝတ္ထုရှည်၊ ဆောင်းပါး၊ကာတွန်း၊ ကဗျာ့ပန်းရုံရိပ်၊ ကလေးတို့အတွက် ကဗျာ လက်ဆောင်စာလက်ဆောင်၊ တောခလေ့စာပန်းချီ၊ မှတ်သားစရာ သတ်ပုံကဗျာ၊ ဖျတ်ခနဲပုံရိပ်၊ ကဗျာဆရာ့ရုပ်ပုံလွှာ၊ ရုပ်ရှင်အနုပညာကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ စစ်မြေတစ်နေရာမှ ပေဖူးလွှာ၊ ဟာသရသကဏ္ဍ၊ နိုင်ငံတကာမြင်ကွင်းသတင်းကဏ္ဍ၊ နိုင်ငံတကာပုံပြင်၊ ဗုဒ္ဓစာဥယျာဉ်ကဏ္ဍ၊ ကျောင်းသားလူငယ်ကဏ္ဍ အစရှိသည်တို့ဖြင့် သုတရသစုံလင်စွာ စီစဉ်တင်ဆက်ထားသည်။

အဆိုပါ မဂ္ဂဇင်းကို ရန်ကုန်မြို့ရှိ နိုင်ငံ့ဂုဏ်ရည်စာပေတိုက်(၁) (၅၂၉-၅၃၁) စာပေဗိမာန်အဆောက်အအုံ ကုန်သည်လမ်း ဖုန်း-၃၇၄၅၃၂၊ နိုင်ငံ့ဂုဏ်ရည်စာပေတိုက်(၂) သစ္စာလမ်း ရန်ကင်းဆရာအတတ်သင်ရှေ့ ဖုန်း-၇၂၅၅၃၀ နှင့် အမြို့မြို့အနယ်နယ်ရှိ စာအုပ်ဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ပုံနှိပ်ထုတ်ဝေနှင့် ဖြန့်ချိရေးလုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေး

ရန်ကုန် ဩဂုတ် ၄

မြန်မာနိုင်ငံ ပုံနှိပ်နှင့် ထုတ်ဝေသူလုပ်ငန်းရှင်များအသင်းနှင့် ဖြန့်ချိရေးလုပ်ငန်းရှင်များ မိတ်ဆက်တွေ့ဆုံပွဲကို ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံလမ်းရှိ City Star Hotel ပထမထပ်၌ ဇူလိုင် ၃၁ ရက် မွန်းလွဲ ၂ နာရီက ကျင်းပရာ မြန်မာနိုင်ငံ ပုံနှိပ်နှင့် ထုတ်ဝေသူလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦး၊ ဒုတိယဥက္ကဋ္ဌ(၂) ဦးခင်မောင်လေး (ဖိုးသောကြာ-ခေတ်+မိုး)၊ ဒုတိယဥက္ကဋ္ဌ(၃) ဦးအောင်ကျော်ဦးနှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသည့် ဖြန့်ချိရေးလုပ်ငန်းရှင်များ၊ စာနယ်ဇင်းဆိုင်ရာပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ပုံနှိပ်ထုတ်ဝေအသင်းဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦးက အဖွင့်အမှာစကားပြောကြားသည်။ **(အောက်ပုံ)** ဆက်လက်၍ အသင်း ဒုတိယဥက္ကဋ္ဌ(၂) ဦးခင်မောင်လေးက ပုံနှိပ်ထုတ်ဝေအသင်းအနေနှင့် ဖြန့်ချိရေးလုပ်ငန်းအပေါ် အလေးအနက်ထားပြီး ဖြန့်ချိရေးလုပ်ငန်းရှင်များ၏ ပေါင်းကူးဆက်နွယ်နိုင်ရေးကို ကာလရှည်ကြာ ကြိုးပမ်းခဲ့ပုံနှင့် အသင်းသားများအဖြစ် ပါဝင်လာရေးတို့ကို ရှင်းလင်းဆွေးနွေးသည်။ ဖြန့်ချိရေးလုပ်ငန်းရှင်များကလည်း ယင်းတို့၏ ဖြန့်ချိရေးလုပ်ငန်းများနှင့် ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့် အကြံပေး ဆွေးနွေးကြသည်။ ထို့နောက် အသင်းဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦးက ဖြန့်ချိသူများနှင့် အဆက်မပြတ် တွေ့ဆုံဆောင်ရွက်ကြမည်ဖြစ်ကြောင်း နိဂုံးချုပ်စကား ပြောကြားကြောင်းသိရသည်။ (ကြေးမုံ)

ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

စတုတ္ထအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည် အမှတ်ပေးပွဲစဉ်များ ဆက်လက်ကျင်းပ

နေပြည်တော် ဩဂုတ် ၄

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် စတုတ္ထအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည် အမှတ်ပေးပွဲစဉ်များကို ယနေ့ ညနေ ၄ နာရီတွင် သတ်မှတ်နေရာများ၌ ဆက်လက်ကျင်းပရာ သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများနှင့် ဘောလုံးအားကစားဝါသနာရှင်များ လာရောက်ကြည့်ရှုအားပေးကြသည်။

နေပြည်တော်အားကစားကွင်း အုပ်စု(ဆ)

ဆောက်လုပ်ရေးဝန်ကြီးဌာန - ဂိုးမရှိ

အလုပ်သမားဝန်ကြီးဌာန - ဂိုးမရှိ

ဒိုင်လူကြီးဦးအောင်သိန်း (မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်)

ပေါင်းလောင်းအားကစားကွင်း အုပ်စု (ဆ)

ဘဏ္ဍာ/အခွန်ဝန်ကြီးဌာန - ရှစ်ဂိုး

(စိုးဝင်းသန်း-သုံးဂိုး၊ တေဇာကိုကို-သုံးဂိုး၊ သန့်ဇင်အောင်၊ သန်းထိုက်အောင်)

တရားရုံးချုပ် - တစ်ဂိုး

(ရဲရာဇာ)

ဒိုင်လူကြီးဦးလှသိန်းဆွေ (မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်)

လယ်ဝေးအားကစားကွင်း အုပ်စု(ဇ)

ဆက်သွယ်ရေးဝန်ကြီးဌာန - ငါးဂိုး

(ဝင်းလှိုင်ထွန်း-နှစ်ဂိုး၊ မျိုးဝေလင်း၊မျိုးမင်းထွန်း၊ အောင်ကိုဦး)

ကျန်းမာရေးဝန်ကြီးဌာန - တစ်ဂိုး

(ထက်သူဝင်း)

ဒိုင်လူကြီး ဦးထွန်းရှင် (မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်)

ဩဂုတ် ၅ ရက်ပွဲစဉ်များအဖြစ် နေပြည်တော်အားကစားပြိုင်ကွင်း၌ (ဇ)အုပ်စုမှ နိုင်ငံခြားရေးဝန်ကြီးဌာနအသင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနအသင်း၊ နေပြည်တော်ပေါင်းလောင်းအားကစားပြိုင်ကွင်း၌ (ဃ)အုပ်စုမှ ပညာရေးဝန်ကြီးဌာနအသင်းနှင့် သတ္တုတွင်းဝန်ကြီးဌာနအသင်း၊ နေပြည်တော်လယ်ဝေး အားကစားပြိုင်ကွင်း၌ (ဃ)အုပ်စုမှ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းနှင့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၇)

နှစ်ပွဲဆက်အရှုံးကြောင့် စတုတ္ထနေရာထိ ဆင်းပေးခဲ့ရသည့် ဇေယျာရွှေမြေ

ရန်ကုန် ဩဂုတ် ၄

၂၀၁၀ MNL အရန်အသင်းများ အမှတ်ပေး ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၈)ကို ယနေ့ ညနေ ၄ နာရီက စလင်းကွင်းနှင့် ပဒုမ္မာကွင်းတို့တွင် ဆက်လက်ကျင်းပရာ Southern Myanmar အသင်းနှင့် ဥဿာယူနိုက်တက်အသင်းတို့ အနိုင်ရရှိခဲ့ကြသည်။

(စလင်းကွင်း)

Southern Myanmar - နှစ်ဂိုး

(ရဲအောင်နှင့်ဗညားဦး)

ဇေယျာရွှေမြေ - ဂိုးမရှိ

ပွဲကျပ်ကာလတွင် ဇေယျာရွှေမြေအသင်း ခြေချော်သွားခဲ့ပြီး နှစ်ပွဲဆက်အရှုံးကြောင့် ဒုတိယနေရာမှ စတုတ္ထနေရာသို့ ဆင်းပေးခဲ့ရသည်။ ယခုပွဲတွင် Southern Myanmar အသင်း ကစားပုံကောင်းခဲ့သောကြောင့် နိုင်ပွဲပြန်ရှာတွေ့ခဲ့ခြင်းဖြစ်ပြီး အမှတ်ပေးဇယား တတိယနေရာသို့ ပြန်တက်လာနိုင်ခဲ့သည်။

ဇွဲကပင်အသင်းကို မမျှော်လင့်ဘဲ ရှုံးနိမ့်ခဲ့သည် Southern အသင်းမှာ ယခုပွဲကို အားထည့်ကစားခဲ့ပြီး ပွဲစကတည်းက တိုက်စစ်အသားပေးကစားခဲ့သည်။ဇေယျာရွှေမြေအသင်းမှာ ဥဿာအသင်းနှင့် ဇွဲကပင်အသင်း အကောင်းဆုံးပုံစံမရခဲ့သောကြောင့် Southern ၏ ဖိကစားခြင်းကို ခံခဲ့ရသည်။ Southern အတွက် အဖွင့်ဂိုးကို ၁၈ မိနစ်တွင် တိုက်စစ်မှူး ရဲအောင်က သွင်းယူခဲ့ပြီး ယင်းနောက်ပိုင်းတွင် ဇေယျာရွှေမြေအသင်းက ချေပဂိုးရရှိရန် ကြိုးစားခဲ့သော်လည်း Southern ဂိုးသမားက အမှားမရှိအောင် ကာကွယ်နိုင်ခဲ့သည်။ ၄၃ မိနစ်တွင် Southern ဒုတိယဂိုး ထပ်မံရရှိသွားပြီး ဗညားဦးက သွင်းယူပေးခဲ့ခြင်း ဖြစ်သည်။

ဒုတိယပိုင်းတွင် ဇေယျာရွှေမြေအသင်းက ချေပဂိုးရရှိရန် တိုက်စစ်အားမြှင့်လာသော်လည်း Southern ခံစစ်ပိုင်း အမှားမရှိခဲ့ပေ။ Southern အသင်းမှာ ခံစစ်အသားပေးပြီး တန်ပြန်တိုက်စစ်ဆင်ကစားခဲ့သည်။ ဂိုးထပ်မံရရှိရန် အခွင့်အရေးများ ရရှိခဲ့သော်လည်း အသုံးမချနိုင်ခဲ့၍ ဂိုးထပ်မရခဲ့ခြင်းဖြစ်သည်။

(ပဒုမ္မာကွင်း)

ဥဿာယူနိုက်တက် - တစ်ဂိုး

(ထွန်းမင်းဦး)

မကွေးF.C - ဂိုးမရှိ

ယနေ့ပွဲ

(စလင်းကွင်း)

ရတနာပုံ - နေပြည်တော်

(ပဒုမ္မာကွင်း)

ကမ္ဘောဇ - ဇွဲကပင်ယူနိုက်တက်

(အောင်ဆန်းကွင်း)

Delta United - မနောမြေ

(ကြေးမုံ)

ဇေယျာရွှေမြေအသင်း Southern ဘက်သို့ တိုက်စစ်ဆင်နေစဉ်။

(ကြေးမုံ)

မုတ်သုံလေ အားကောင်းမည်

နေပြည်တော် ဩဂုတ် ၄

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက ကယားပြည်နယ်တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး မွန်ပြည်နယ်တွင် ဒေသအလိုက်နှင့် စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** နေပြည်တော်လယ်ဝေးတွင် သုည ဒသမ ၁၉ လက်မ၊ ကန့်ဘလူမြို့နှင့် မော်လမြိုင်မြို့တို့တွင် ၄ ဒသမ ၂၅ လက်မစီ၊ ပေါင်မြို့တွင် ၄ ဒသမ၀၂ လက်မ၊ ပြင်ဦးလွင်မြို့တွင် ၃ ဒသမ၈၂ လက်မ၊ မုဒုံမြို့တွင် ၃ ဒသမ၆၂ လက်မ၊ ရေးမြို့တွင် ၂ ဒသမ ၈၇ လက်မ၊ သထုံမြို့၊ ကျိုက္ခမီနှင့် ချောင်းဆုံမြို့တို့တွင် ၂ ဒသမ ၆၀ လက်မစီ၊ ဇောင်းတူမြို့တွင် ၂ ဒသမ ၄၁ လက်မနှင့် အောင်လံမြို့တွင် ၁ ဒသမ ၇၄ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းနေသည်။

ဩဂုတ် ၅ ရက် ညနေထိခန့်မှန်းချက်။ ။ ကယားပြည်နယ်နှင့် မကွေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါမိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မုတ်သုံလေ အားကောင်းမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန်(၃၂ဒသမသုညဒီဂရီစင်တီဂရိတ်) ၉၀ ဒီဂရီဖာရင်ဟိုက်		၃-၈-၂၀၁၀
အနိမ့်ဆုံးအပူချိန် (၂၄ဒသမ၅ဒီဂရီစင်တီဂရိတ်) ၇၆ ဒီဂရီဖာရင်ဟိုက်		၄-၈-၂၀၁၀
၉း၃၀ နာရီအချိန် စိုထိုင်းဆ	၈၅ ရာခိုင်နှုန်း	၄-၈-၂၀၁၀
မိုးရေချိန်	မရှိပါ	၄-၈-၂၀၁၀

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန်(၃၂ဒသမ၆ဒီဂရီစင်တီဂရိတ်)၉၁ ဒီဂရီဖာရင်ဟိုက်		၃-၈-၂၀၁၀
အနိမ့်ဆုံးအပူချိန်(၂၄ဒသမ သုညဒီဂရီစင်တီဂရိတ်)၇၅ဒီဂရီဖာရင်ဟိုက်		၄-၈-၂၀၁၀
၉း၃၀ နာရီအချိန် စိုထိုင်းဆ	၉၂ ရာခိုင်နှုန်း	၄-၈-၂၀၁၀
နေပူသည့်နာရီပေါင်း	သုည ဒသမ ၂နာရီခန့်	၃-၈-၂၀၁၀

အထက်မြန်မာပြည် တက္ကသိုလ်/ဒီဂရီကောလိပ်ပေါင်းစုံ(မန္တလေးဇုန်) အမျိုးသားဘော်လီဘောပြိုင်ပွဲ တတိယနေ့ပွဲစဉ်များ ဆက်လက်ကျင်းပ

နေပြည်တော် ဩဂုတ် ၄

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) တက္ကသိုလ်/ဒီဂရီကောလိပ်ပေါင်းစုံ(မန္တလေးဇုန်) အမျိုးသား ဘော်လီဘောပြိုင်ပွဲ တတိယနေ့ အုပ်စုပတ်လည် အမှတ်ပေးပွဲစဉ်များကို ယနေ့ နံနက် ၉ နာရီမှ မွန်းလွဲ ၂ နာရီအထိ မန္တလေးတက္ကသိုလ်အားကစားရုံ(Open Shed)၌ ဆက်လက်ကျင်းပရာ အုပ်စု(က)မှ မြစ်ကြီးနားတက္ကသိုလ်အသင်းက မန္တလေးတက္ကသိုလ်အသင်းကိုသုံးပွဲ-တစ်ပွဲဖြင့် လည်းကောင်း၊ ကျောက်ဆည်တက္ကသိုလ်အသင်းက ရတနာပုံတက္ကသိုလ်အသင်းကို သုံးပွဲ - နှစ်ပွဲဖြင့် လည်းကောင်း၊အုပ်စု(ခ)မှ မိုးညှင်းဒီဂရီ ကောလိပ်အသင်းက မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်အသင်းကို သုံးပွဲ-နှစ်ပွဲဖြင့် လည်းကောင်း အသီးသီးအနိုင်ရရှိသွားကြောင်းနှင့် အကြိုဗိုလ်လုပွဲ ပွဲစဉ်များကို ဩဂုတ် ၅ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သတ္တမအကြိမ်မြောက် အားကစားဝန်ကြီးဌာနဝန်ကြီးဖလား ခြင်းလုံးခတ်ပြိုင်ပွဲနှင့် ရုပ်ပျိုဖလားခြင်းလုံးခတ်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၄

မြန်မာနိုင်ငံ ခြင်းလုံးခတ်အဖွဲ့ချုပ်က ကြီးမှူး၍ သတ္တမအကြိမ်မြောက် အားကစားဝန်ကြီးဌာန ဝန်ကြီးဖလား မြန်မာ့ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲနှင့် ရုပ်ပျိုဖလား မြန်မာ့ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲများကို စက်တင်ဘာ ၄ ရက်မှ ၆ ရက် အထိ စစ်ကိုင်းတိုင်း ရွှေဘိုမြို့နယ်ရှိ အားကစားခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ပြိုင်ပွဲများ၏ ပြိုင်ပွဲအမျိုးအစားများမှာ အမျိုးသားတံခွန်စိုက်အမှတ်ခတ် (၁၀)ပေါက်တန်း ပြိုင်ပွဲ၊ အမျိုးသားတံခွန်စိုက် အလှခတ် (၁၀)ပေါက်တန်းပြိုင်ပွဲ၊ အမျိုးသားဝိုင်းဖွဲ့အမှတ်ခတ် (၄)ပေါက်တန်းပြိုင်ပွဲ၊ အမျိုးသားဝိုင်းအဖွဲ့ အလှခတ်ပြိုင်ပွဲနှင့် အမျိုးသမီးအလှခတ်ပြိုင်ပွဲ (အမျိုးသမီး သုံးဦးနှင့် ပံ့ပိုးကူညီသူ အမျိုးသားသုံးဦး) များအဖြစ် သတ်မှတ်ထားသည်။

မြန်မာ့ရိုးရာ ခြင်းလုံးခတ်ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်မည့် မြန်မာ့ရိုးရာခြင်းလုံးခတ်အသင်းများအား ထောက်ပံ့ကြေးများပေးအပ်မည်ဖြစ်ရာ မန္တလေးတိုင်းမှ ပါဝင်ယှဉ်ပြိုင်ကြမည့် မြန်မာ့ရိုးရာခြင်းလုံးခတ် အသင်းများအား တစ်သင်းလျှင် ထောက်ပံ့ငွေကျပ် ၅၀၀၀၀ စီ၊ စစ်ကိုင်းတိုင်းမှအပ ရန်ကုန်တိုင်းနှင့် အခြား ပြည်နယ်နှင့်တိုင်းများမှ ပါဝင်ယှဉ်ပြိုင်ကြမည့် မြန်မာ့ရိုးရာ ခြင်းလုံးခတ်အသင်းများကို တစ်သင်းလျှင် ထောက်ပံ့ငွေကျပ် ၁၀၀၀၀၀စီ ပေးမည်ဖြစ်သည်။ ထို့အပြင် ပါဝင်ယှဉ်ပြိုင်ကြမည့် မြန်မာ့ရိုးရာခြင်းလုံးခတ် အသင်းများ အနေဖြင့် နေထိုင်တည်းခိုစရိတ်နှင့် စားသောက်စရိတ်များကိုလည်း တာဝန်ယူဆောင်ရွက်ပေးမည် ဖြစ်သည်။

ဆုတံဆိပ်ချီးမြှင့်

ပြိုင်ပွဲများ၏ အမျိုးသားတံခွန်စိုက် အမှတ်ခတ်(၁၀)ပေါက်တန်းပြိုင်ပွဲတွင် ပထမဆုကြေးငွေကျပ် ၁၅ သိန်း၊ ဒုတိယဆုကြေးငွေကျပ် ၁၀ သိန်း၊ တတိယဆုကြေးငွေကျပ် ငါးသိန်းသတ်မှတ်ထားပြီး ကျန်ပြိုင်ပွဲ အမျိုးအစားများ၌ ပထမဆုကြေး ငွေကျပ် ၁၀ သိန်း၊ ဒုတိယဆုကြေးငွေကျပ် ငါးသိန်း၊ တတိယဆုကြေးငွေကျပ် သုံးသိန်းစီနှင့် ဆုတံဆိပ်များကို ချီးမြှင့်မည်ဖြစ်သည်။

ယင်းပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် မြန်မာ့ရိုးရာခြင်းလုံးခတ်အသင်းများသည် ဩဂုတ် ၂၅ ရက် နောက်ဆုံးထား၍ ပြိုင်ပွဲဝင်မည့်အသင်းများ၏ ဓာတ်ပုံနှင့်တကွ ပြိုင်ပွဲဝင်အမည်စာရင်းများကို မြန်မာနိုင်ငံ ခြင်းလုံးခတ်အဖွဲ့ချုပ် (ရန်ကုန်မြို့အောင်ဆန်းအားကစားပြိုင်ဝင်း) သို့ ပေးပို့ရမည်ဖြစ်သည်။

ပြိုင်ပွဲများနှင့်စပ်လျဉ်း၍ သိရှိလိုပါက မြန်မာနိုင်ငံခြင်းလုံးခတ်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးရဲအောင် ဖုန်း-၀၉-၈၆၁၅၉၀၈ သို့ လည်းကောင်း၊ ရုံးအဖွဲ့မှူး ဦးယုကြိုင် ဖုန်း-၀၉-၅၀၅၇၁၀၇ သို့ လည်းကောင်း၊ မြန်မာနိုင်ငံခြင်းလုံးခတ်အဖွဲ့ချုပ်ရုံး ဖုန်း-၃၉၃၄၂၀ သို့ လည်းကောင်း ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ ကိုယ်အင်္ဂါမသန်စွမ်းသူများအသင်း နှစ်ပတ်လည်အစည်းအဝေး ကျင်းပ

ရန်ကုန် ဩဂုတ် ၄

မြန်မာနိုင်ငံကိုယ်အင်္ဂါ မသန်စွမ်းသူများအသင်း စတုတ္ထအကြိမ် မျက်နှာစုံညီအစည်းအဝေးကို ဩဂုတ် ၁ ရက် မွန်းလွဲ ပိုင်းတွင် ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းဗဟိုဌာန(IBC)၌ ကျင်းပသည်။

အစည်းအဝေးတွင် သဘာပတိ လူမှုဝန်ထမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးတင်ဝင်းက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံကိုယ်အင်္ဂါမသန်စွမ်းသူများအသင်းဥက္ကဋ္ဌ ဦးမြတ်ဦးက အမှာစကားပြောကြားပြီး အသင်းအထွေထွေအတွင်းရေးမှူး ဦးအေးကိုကိုက အသင်း၏ လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တာဝန်ရှိသူတို့က အသင်းအတွက် စုစုပေါင်းအလှူငွေ ၁၄၅၉၂၆၂၅ ကျပ်လှူဒါန်းသည့် အလှူရှင် ၂၁ ဦးတို့အား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။ ယင်းနောက် နယ်ရုံးခွဲခုနစ်ရုံးမှ အသင်းဝင် ကိုယ်အင်္ဂါမသန်စွမ်းသူများအတွက် ငွေကျပ် ၁၈ သိန်းတန်ဖိုးရှိ အထောက် အကူပြုပစ္စည်းများကိုပေးအပ်သည်။ အစည်းအဝေး ဒုတိယပိုင်းတွင် သဘာပတိ ဗန္ဓုလသယ်ယူပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီး မျိုးမြင့်(ငြိမ်း)က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ဘဏ္ဍာရေးမှူး ဒေါ်သူဇာကျော်က ငွေစာရင်းရှင်းတမ်းကို ဖတ်ကြားတင်ပြပြီး အတည်ပြုချက်ရယူ သည်။

ယင်းနောက် မန္တလေးနှင့် ဟင်္သာတရုံးခွဲများမှ အစီရင်ခံစာများကို ဖတ်ကြားတင်ပြကြပြီး ၂၀၁၀-၂၀၁၂ခုနှစ်အတွက် ဥက္ကဋ္ဌ ဦးမြတ်ဦး၊ အထွေထွေအတွင်းရေးမှူး ဦးအေးကိုကိုတို့ ပါဝင်သည့် မြန်မာနိုင်ငံ ကိုယ်အင်္ဂါမသန်စွမ်းသူများအသင်း အလုပ်အမှုဆောင်အဖွဲ့ ၁၇ ဦးတို့ကို ရွေးချယ်တင်မြှောက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ ကိုယ်အင်္ဂါမသန်စွမ်းသူများအသင်း စတုတ္ထအကြိမ် မျက်နှာစုံညီအစည်းအဝေးတွင် ၂၀၁၀-၂၀၁၂ ခုနှစ်အတွက် ရွေးချယ်ထားသော အသင်းအလုပ်အမှုဆောင်အဖွဲ့ဝင်များအား တွေ့ရစဉ်။

(မသန်စွမ်း)

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

M.A. (English), Dip.ELTM
Must ENGLISH LANGUAGE CENTRE
• M.Med.Sc Entrance For Doctors
Intensive & Exam Practice Courses
WINNERS NEVER QUIT.
QUITTERS NEVER WIN.
• IELTS Foundation (7-8-2010)
• FOUR SKILLS WITH GRAMMAR REVIEW (6-8-2010)

ဝင်းသွန်းသွန် စိန်ရွှေရတနာဆိုင်
ဖုန်း ၀၁-၅၃၈၁၀၀၊ ၅၃၉၅၁၂၊ ၅၂၃၁၁၁

8 DAYS A WEEK



အကောင်းဆုံး ကြမ်းခင်းကြွေပြား
Reg-4094/2010
ROMANA
8"×8"
Special Floor Tiles

ကိုယ်တွေ့ဝိပဿနာ
ချောင်းဆုံအုန်းသွင်

Monday to Friday

ICT
LCCI
MYOB

အင်္ဂလိပ်၊ စက်ရေတွင်း
အမြန် တူးဖော်ပေးသည်။
"Workgroup" - Rm: 403, Excel Tower
Ph: 01 559377 Ext: 6413, 6403

IT CARE Computer Services

သာရာမိုး Follow Me Ph.D (USA)
Ph.D, Prelim., M.Res., M.A., M.Sc.
TEFLAS

09-8619173

101 ဆံပင်ပေါက်ဆေး
အရောင်းမြှင့်တင်ရေးအစီအစဉ်
Super One
Phone :01-251230, 01-518088

ကန့်ကွက်နိုင်ကြောင်းအများသိရှိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်း၊ ရန်ကင်းမြို့နယ်၊ သစ္စာလမ်း၊ အမှတ်(၂၁၉) ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ်(၃၄)၊ လူနေရပ်ကွက်အမှတ်-ကံဘဲ့၊ မြေကွက်အမှတ်(၁၀/င-B)၊ မြေဧရိယာ(၀. ၀၇၁)ဧကရှိ B မြေကွက်နှင့် မြေကွက်ပေါ်ရှိအဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အားလုံးတို့ကို မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် အမည်ပေါက်ပိုင်ဆိုင်သူ ဦးတင်မြင့်ဦးနှင့် ဒေါ်နီလာရွှေတို့မှ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေပေးအပ်ထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါမြေကွက်နှင့် မြေကွက်ပေါ်ရှိအဆောက်အအုံအား အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ယနေ့မှစ၍(၇)ရက်အတွင်း ကျွန်ုပ်ထံသို့ တရားဝင်စာရွက်စာတမ်း၊ အထောက်အထားခိုင်လုံစွာယူဆောင်ပြီးလာရောက်တွေ့ဆုံနိုင်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။သတ်မှတ်ရက်အတွင်းလာရောက်ခြင်းမရှိပါက အရောင်းအဝယ်ပြုလုပ်ခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရှိစေရန် အသိပေးအကြောင်းကြားအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်အေးအေးရီ(LL.B) — **တရားရုံးချုပ်ရှေ့နေ(၄၃၇၃)**
ဒေါ်လှလှခိုင်(LL.B) — **တရားရုံးချုပ်ရှေ့နေ(၅၄၁၀)**

အမှတ်(၉/၁၁)၊အခန်းအမှတ်(၂၀၁A)၊ဒုတိယထပ်၊ ၃၆-လမ်း(အောက်ဆုံး)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

◆ **ကျောဖုံးမှ**

မက္ကဆီကို ပင်လယ်ကွေ့၊ အတ္တလန္တိတ်သမုဒ္ဒရာနှင့် ကာရစ်ဘီယန်ပင်လယ်တို့တွင် မောင်းသူမဲ့လေယာဉ် သုံးစင်းကို ပျံသန်းစေကာ ဩဂုတ် ၁၅ ရက်မှ စက်တင်ဘာ ၃၀ ရက်အထိ ဟာရီကိန်း မုန်တိုင်းများကို လေ့လာမည်ဖြစ်သည်။

သုံးဖက်မြင် ရေဒါ၊ မိုက္ကရိုဝေ့ဗ် ရေဒီယိုမီတာ (radiometer)နှင့် အခြားသော သိပ္ပံကိရိယာများ တင်ဆောင်ထားသည့် မောင်းသူမဲ့လေယာဉ်တစ်စင်းသည် ဟာရီကိန်းမုန်တိုင်းဖြစ်ပေါ်ရာဒေသ၌ နာရီ ၂၀ ဆက်တိုက် ပျံသန်းမည့် လက်တွေ့စမ်းသပ်ချက် တစ်ရပ်ကိုလည်း ပထမဆုံးအကြိမ် ပြုလုပ်မည်ဖြစ်သည်။

ယင်းသို့ လက်တွေ့စမ်းသပ်ရာ၌ အသုံးပြုမည့် မောင်းသူမဲ့လေယာဉ်ကို "ကမ္ဘာ့သိမ်းငှက်" (Global Hawk) ဟု အမည်ပေးထားသည်။

"ကမ္ဘာ့သိမ်းငှက်" အမည်ရှိ မောင်းသူမဲ့ လေယာဉ်ပေါ်ရှိ ကိရိယာများက ထောက်ပံ့ပေးမည့် သတင်း အချက်အလက်များကို အခြေခံကာ ဟာရီကိန်းမုန်တိုင်း၏ သဘောသဘာဝကို စူးစမ်းလေ့လာနိုင်မည်ဖြစ်သည်။

ဟာရီကိန်းမုန်တိုင်း အစပြုပုံနှင့် အင်အား ကောင်းလာပုံတို့ကို လေ့လာသိရှိနိုင်ရန် မုန်တိုင်း၏ အတွင်းပိုင်း ဖွဲ့စည်းတည်ဆောက်ပုံကို နားလည်ရန်လိုအပ်ကြောင်း နာဆာသိပ္ပံပညာရှင်များက ပြောကြားကြသည်။

အပူပိုင်း ဆိုင်ကလုန်းမုန်တိုင်းများ ဖွဲ့စည်းခြင်း၊ အားကောင်းလာခြင်း၊ အားပျော့ပျက်ပြယ်ခြင်းတို့နှင့်သက်ဆိုင်သော အကြောင်းတရားများအား စေ့ငုလေ့လာရာတွင် မုန်တိုင်းဖွဲ့စည်းဖြစ်ပေါ်ရာ ရပ်ဝန်းအတွင်း လေတိုက်ခတ်ပုံ၊ အပူချိန်၊ စိုထိုင်းဆ၊ တိမ်တိုက်ဖြစ်ပေါ်ပုံ၊ ရေခဲဖြစ်ပေါ်ပုံ၊ လျှပ်စီးလက်ပုံ စသည့် အခြေအနေများကို လေ့လာမှတ်တမ်းတင်နိုင်ရန် နာဆာ၏ DC-8 နှင့် WB-57 လေယာဉ်များကိုပါ အသုံးပြုမည်ဖြစ်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားကြသည်။

အင်တာနက်။

ညောင်တုန်းမြို့နယ်အသင်း(ရန်ကုန်) စုပေါင်းလှူဒါန်းပွဲ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၄

ညောင်တုန်းမြို့နယ်အသင်း (ရန်ကုန်)၏ (၁၃)ကြိမ်မြောက် စုပေါင်းအလှူဒါနပြုပွဲ အခမ်းအနားကို ဩဂုတ် ၈ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် အမှတ်(၂၁/၄၃စီ) ကြားတောရလမ်း ရွှေတိဂုံဘုရားအရှေ့ဘက်မုခ် ဗဟန်းမြို့နယ်ရှိ ဧရာဝတီတိုင်းဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ အလှူငွေနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းလိုပါက ဥက္ကဋ္ဌ ဦးလှမြင့် ဖုန်း-၆၄၁ ၄၃၅၊ ဒုတိယဥက္ကဋ္ဌ ဦးအေးကျော် ဖုန်း-၀၉-၅၁၁၄၁၂၅၊ အတွင်းရေးမှူး ဦးစိုးဝင်း ဖုန်း-၇၃၀၃၇၄၉၆၊ ဘဏ္ဍာရေးမှူး ဦးစံမြိုင် ဖုန်း-၇၃၀ ၁၁၇၆၈၊ အသင်းတိုက်ဖုန်း ၃၈၀ ၁၀၆ နှင့် အမှုဆောင်များသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

တစ်ဖက်နိုင်ငံသားများနှင့်လက်ထပ်ပေးရန် စည်းရုံးခေါ်ဆောင်သူ အမျိုးသမီးအား မူဆယ်ရဲစခန်း၌ အမှုဖွင့် အရေးယူထား

နေပြည်တော် ဩဂုတ် ၄

မူဆယ်မြို့နယ် လူကုန်ကူးမှုတားဆီးကာကွယ်ရေး အထူးအဖွဲ့သည် ဇူလိုင် ၃၁ ရက်တွင် နယ်စပ်နန်းတော် စစ်ဆေးရေးဂိတ်အနီး၌ တစ်ဖက်နိုင်ငံ ကျယ်ဂေါင်သို့ သွားရောက်မည့်လူစုအား ခေါ်ယူစစ်ဆေးရာ ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ်နေ မစန်းစန်းသွယ်သည် ၂၀၀၈ ခုနှစ်တွင် တစ်ဖက်နိုင်ငံ ဟဲနန်ပြည်နယ်ရှိ အမျိုးသားတစ်ဦးနှင့် အိမ်ထောင်ကျပြီး တစ်နှစ်တစ်ခါ မြန်မာနိုင်ငံသို့ ပြန်လာသူဖြစ်ကြောင်း၊ ယခုတစ်ခေါက် ဇူလိုင် ၁၈ ရက်တွင် မင်္ဂလာဒုံမြို့နယ်ရှိ မိဘအိမ်သို့ ပြန်လာခဲ့ပြီး ရပ်ကွက်အတွင်းရှိ အမျိုးသမီးနှစ်ဦးအား တစ်ဖက်နိုင်ငံသားနှင့် လက်ထပ်ပါက ကောင်းကောင်းမွန်မွန်နေရမည်ဟု စည်းရုံးပြောဆို၍ ခရီးစရိတ်အကုန်အကျခံကာ ခေါ်ဆောင်လာကြောင်း ဖော်ထုတ်သိရှိရသည်။

တစ်ဖက်နိုင်ငံသားနှင့် အိမ်ထောင်ပြုပါက ကောင်းကောင်းမွန်မွန် ချမ်းချမ်းသာသာ နေရမည်ဟု လူကုန်ကူးသူများက မစားရဝခမန်း စည်းရုံးပြောဆိုလျက်ရှိသော်လည်း အမှန်တကယ်တွင် ဘဝအာမခံချက်မရှိကြောင်း၊ အကျင့်စရိုက်၊ ဘာသာစကားနှင့် ပတ်ဝန်းကျင်အခြေအနေ မတူညီကြသူများဖြစ်ရာပေါင်းသင်းဆက်ဆံမှု လုံးဝအဆင်မပြေကြောင်း၊ လူမဆန်စွာ ညှဉ်းပန်းနှိပ်စက်ခံရမှု၊ အလုပ်ပင်ပန်းစွာ ခိုင်းစေခံရမှု၊ အစာရေစာ ချို့တဲ့စွာ စားသောက်ရမှု၊ အနှိမ်ခံရမှုစသည်တို့ နေ့စဉ်ကြုံတွေ့ရမည်ဖြစ်ကြောင်း၊ တစ်ဖက်နိုင်ငံသားနှင့် အိမ်ထောင်ပြုသဖြင့် ဘဝအခြေအနေမြင့်သွားသူရှိတော့ ရှိနိုင်သော်လည်း အလွန်အင်မတန်နည်းပါးမည်ဖြစ်ကြောင်း စသည်ဖြင့် ကိုယ်တွေ့ကြုံခဲ့သူ အမျိုးသမီးတစ်ဦးက သတင်းဌာနသို့ ဝန်ခံအသိပေးကာ မျက်ကန်းတစ္ဆေမကြောက် သဘောမျိုးဖြင့် လတ်တလော ဘဝလွတ်မြောက်လိုမှုဖြင့် လူကုန်ကူးသူတို့၏ စည်းရုံးဆွဲဆောင်မှုကို မယုံကြည်ရန်၊ မိမိနိုင်ငံတွင်သာ အလုပ်ကို ကြိုးကြိုးစားစား လုပ်ကိုင်၍ ငွေရှာဖွေစုဆောင်းရန် အမျိုးသမီးငယ်များအတွက် သတိပေးစကား ပြောကြားခဲ့သည်။

တစ်ဖက် နိုင်ငံသားများနှင့် လက်ထပ်ပေးရန် စည်းရုံးခေါ်ဆောင်လာသူ မစန်းစန်းသွယ်အား မူဆယ်ရဲစခန်း၌ အမှုဖွင့် အရေးယူထားကြောင်း၊ မင်္ဂလာဒုံမြို့နယ်နေ အမျိုးသမီးနှစ်ဦးအား ပညာပေးဆွေးနွေး၍ မိဘများထံ ပြန်လည်အပ်နှံရေးစီစဉ် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကယားပြည်နယ်ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးနှင့်အဖွဲ့ လောပိတကျေးရွာ၌ ရွေးကောက်ပွဲဆိုင်ရာများ ဆောင်ရွက်

ရန်ကုန် ဩဂုတ် ၄

ကယားပြည်နယ် ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးခင်မောင်ရီနှင့် အဖွဲ့ဝင်များသည် ဩဂုတ် ၃ ရက်တွင် လွိုင်ကော်မြို့နယ် လောပိတကျေးရွာနှင့် မထောခူကျေးရွာများသို့ သွားရောက်ကြပြီး ရွေးကောက်ပွဲဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲရုံး ဖွင့်လှစ်ထားမှု၊ မဲစာရင်း၊ မဲဆန္ဒနယ်နှင့် လူဦးရေစာရင်း သတ်မှတ်ပြုစုထားမှုတို့ကို စစ်ဆေးကြပြီး မဲရုံ ဆောက်လုပ်မည့် နေရာများကို ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

မောင်းသူမဲ့လေယာဉ်များဖြင့် ဟာရီကိန်းမုန်တိုင်းများကို လေ့လာမည်

ဝါရှင်တန် ဩဂုတ် ၄

တိုက်ပွဲများ၌ အသုံးပြုနိုင်သော မောင်းသူမဲ့လေယာဉ် (drone)ဖြင့် ဟာရီကိန်းမုန်တိုင်းများကို လေ့လာရန် အမေရိကန် အာကာသအေဂျင်စီ (နာဆာ)က စီစဉ်ထားကြောင်း ယင်းအဖွဲ့အစည်းမှ သိပ္ပံပညာရှင်များက ဩဂုတ် ၄ ရက်တွင် ပြောကြားကြသည်။

ဟာရီကိန်းမုန်တိုင်းများကို ဒရုန်း(ခေါ်) မောင်းသူမဲ့လေယာဉ်ဖြင့် လေ့လာခြင်းမှာ ပထမဆုံးအကြိမ် ဖြစ်မည်ဆို၏။

နာဆာသိပ္ပံပညာရှင်များသည် ဩဂုတ်လမှအစပြုကာ ဟာရီကိန်းမုန်တိုင်းများ ဖွဲ့စည်းဖြစ်ပေါ်ပုံ၊ ဟာရီကိန်းမုန်တိုင်းအချို့ လျင်မြန်စွာ အင်အားကောင်းလာပုံ၊ မုန်တိုင်းအချို့ အားပျော့ပျက်ပြယ်သွားပုံ စသည့် အချက်အလက်များကို လေ့လာနိုင်ရန် ဒရုန်းလေယာဉ်များကို အသုံးပြုမည်ဖြစ်သည်။

စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ◆

အမေရိကန် ပင်လယ်သမုဒ္ဒရာနှင့် ကမ္ဘာ့လေထုလွှာ လေ့လာရေးလုပ်ငန်း၌ အသုံးပြုနေသော မောင်းသူမဲ့လေယာဉ်တစ်စင်းကို တွေ့ရစဉ်။(အပေါ်ပုံ) *(ဓာတ်ပုံ-အင်တာနက်)*

ဘာသာပြန် - သတင်းလုလင်
အဆင်အပြင် ခင်မျိုးနိုင်

ယနေ့ သတင်းအညွှန်း



❖ ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် ရွှေနံ့သာ (ပုလဲမြို့သစ်)ရှိ အပင်ဇီဝနည်းပညာပေးဌာန သီးနှံမျိုးကောင်းမျိုးသန့် ထုတ်လုပ်မှု စစ်ဆေး။

(သတင်း) စာမျက်နှာ - ၃

❖ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်မှုကြောင့် အီရတ်နှင့် အာဖဂန်ပြည်သူများ သေဆုံးဒဏ်ရာရရှိမှု အခြေအနေ။

(သတင်း) စာမျက်နှာ - ၄





❖ ၂၀၁၀ MNL အရန်အသင်းများ အမှတ်ပေး ဘောလုံးပြိုင်ပွဲ ပွဲစဉ် (၈) မှ နှစ်ပွဲဆက် အရှုံးကြောင့် စတုတ္ထနေရာထိ ဆင်းပေးခဲ့ရသည့် ဇေယျာရွှေမြေ။

(သတင်း) စာမျက်နှာ - ၁၁

ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်း၌ လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်

နေပြည်တော် ဩဂုတ် ၄

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်း၌ လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နေကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)